EVERY MONDAY

# မြစ်ကြီးနားသတင်းဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၄၄) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( ဒီဇင်ဘာ ၃ ၊ ၂၀၁၈ )




## တစ်သျှူးငှက်ပျောကိစ္စ လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း

စာ - ၂ သို့ »

## ချီဖွေစစ်ရှောင်စခန်းတွင် ကျရောက်သော လက်နက်ကြီးကျည်ဆံကို အမြန်ဆုံး ဖယ်ရှားပေးစေလို

စာ - ၉ သို့ »

## ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ပထမဦးဆုံးအကြိမ် မြစ်ကြီးနားမြို့တွင် ကျင်းပပြုလုပ်

စာ - ၄ သို့ »

## မြစ်ကြီးနား ဆေးရုံကြီးတွင် အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာ အခမဲ့စစ်ဆေးပေးမည်

စာ - ၁၅ သို့ »

## ပန်ဝါစစ်ရှောင်ဒုက္ခသည်များ စားနပ်ရိက္ခာနှင့် အနွေးထည်များ အရေးပေါ်လိုအပ်နေ

စာ - ၁၇ သို့ »

## တိုင်းရင်းသားဘာသာ စာပေများကို သင်ကြားမည့် ဆရာ၊ ဆရာမများခေါ်ယူ

စာ - ၁၂ သို့ »



## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အပြောင်းအလဲကြောင့် လွှတ်တော်အထူးအစည်းအဝေး ကျင်းပ၊ မေးခွန်းအများဆုံးမေးမြန်းခဲ့သော ကိုယ်စားလှယ်များ ကျေနပ်အားရမှုမရှိ

နိုဝင်ဘာ ၃၀

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အပြောင်းအလဲကြောင့် နိုဝင်ဘာလ ၂၈ ရက်နေ့မှ စတင်ကာ ၃ရက်ကြာ ကြားဖြတ်ကျင်းပရခြင်း ဖြစ်သည်ဟု ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထွန်းတင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဲဒါကတော့ ဒီလိုပါပဲ။ လုံ/နယ်ဝန်ကြီး အပြောင်းအလဲရှိလို့ အဲဒီအတွက်ကြောင့် အထူးအစည်းအဝေး လုပ်ရတာ။ လုံ/နယ်ဝန်ကြီး ကတိသစ္စာခံယူဖို့နဲ့ ပေါင်းပြီးလုပ်လိုက်တာပါ"ဟု အထက်ပါ လွှတ်တော်ဥက္ကဋ္ဌမှ ဆက်လက်ဖြေကြားသည်။

၃ ရက်ကြာ ကျင်းပခဲ့သည့် ယင်း အထူးအစည်းဝေးတွင် တက်ရောက်လာသည့် ပြည်နယ်ကိုယ်စားပြု လွှတ်တော်အမတ်များက ကြယ်ပွင့်ပြမေးခွန်း ၃၇ ခုကို မေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးများကပြန်လည်ဖြေဆိုပေးခဲ့သည်။

စာ - ၃ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဒီဇင်ဘာ ၃ ၊ ၂၀၁၈ )

# တစ်သျှူးငှက်ပျောကိစ္စ လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း



ကချင်ပြည်နယ် ဝိုင်းမော်မြို့တွင် စိုက်ပျိုးထားသော တရုတ်တစ်သျှူး ငှက်ပျောစိုက်ခင်း ဓာတ်ပုံ - ဇော်မိုးထက် (ဖားကန့်)

နိုဝင်ဘာ ၂၉

ကချင်ပြည်နယ်ရှိတစ်သျှူးငှက်ပျော စိုက်ပျိုးခြင်းနှင့် ပြည်ပသို့ တင်ပို့သယ်ဆောင်ခြင်း လုပ်ငန်းကိစ္စများကို စနစ်တကျကြီးကြပ်နိုင်ရေးအတွက် မူဝါဒတစ်ရပ်ချမှတ်ရန် အစီအစဉ် ရှိ၊ မရှိ ကို အင်ဂျန်းယန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနော်က ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးဒုတိယနေ့ နိုဝင်ဘာလ ၂၉ ရက်တွင် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခဲ့ကြောင်း သိရသည်။

အဆိုပါမေးခွန်းကို မေးမြန်းရခြင်းမှာ ဗန်းမော်ခရိုင်နှင့် မြစ်ကြီးနား ခရိုင်အတွင်းရှိ လယ်ယာမြေများတွင် ငှက်ပျောစိုက်ခင်း အများအပြားရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိပြီးဖြစ်ရာ ကျေးရွာတိုင်းတွင် တောင်သူလယ်သမားများနှင့် ပြည်သူလူထုများက ငှက်ပျောစိုက်ခင်းကြောင့် ပြဿနာမျိုးစုံကို ခံစားနေရကြောင်းဦးဇော်မိုးက ရှင်းပြသည်။

"ကျွန်တော်တို့ လက်လှမ်းမီတဲ့ ကျေးရွာတွေကို စစ်ဆေးကြည့်တဲ့အခါ ပြည်နယ်အစိုးရက ကောင်းစွာ ဒီလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲမှုမရှိဘူးဆိုရင် ကျေးရွာတိုင်းမှာ အခက်အခဲမျိုးစုံ တွေ့ကြုံနေရတာ အားလုံးမျက်မြင်ပဲ ဖြစ်ပါတယ်"ဟု အင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနော်က ပြောသည်။

ထို့ကြောင့် ကျေးရွာအသီးသီးရှိ သစ်တောကြိုးဝိုင်းများ ဆုံးရှုံးခြင်း၊ တောင်သူများ၏ လယ်ယာစိုက်ခင်းများ ပျောက်ဆုံးခြင်း၊ သချိုင်းမြေများ ဆုံးရှုံးခြင်း၊ ကျွဲနွားစားကျက်မြေများ ပျောက်ဆုံးခြင်း၊ ဆင်းရဲသည့် တောင်သူများ တစ်နိုင်တပိုင် လုပ်ကိုင်စားသောက်သည့်မြေယာများ ပျောက်ကွယ်သွားခြင်း၊ မြေငှားရမ်းမှုစာချုပ် ချုပ်ဆိုရာတွင် တရားဝင် ချုပ်ဆိုခြင်း မရှိသည့်အတွက် မြေယာပြဿနာမျိုးစုံ ဖြစ်ပေါ်နေရခြင်း၊ မြေဩဇာ၊ ပိုးသတ်ဆေး အလွန်အကျွံ အသုံးပြုခြင်းကြောင့်မြေဆီလွှာပျက်စီးခြင်း၊ ရေဓာတ် ခမ်းခြောက်ခြင်း၊ ချောင်းမြောင်းအင်းအိုင်များ ရှိနေသတ္တဝါများ မျိုးပြုန်းသေဆုံးခြင်း၊ ဒေသခံလူထုနှင့် ကုမ္ပဏီများ အချင်းချင်း ပြဿနာအမျိုးမျိုးဖြစ်ပေါ်ကာ တရားရုံးရောက်၍ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းဖြစ်ပြီး စိတ်ဒုက္ခအမျိုးမျိုး ကြုံတွေ့နေရခြင်း၊ ဒေသခံပြည်သူများအပေါ် ယခုလက်ရှိအချိန်နှင့် နောင်ကာလအချိန်မရွေးတွေ့ကြုံခံစားနေရမည့် ဘေးထွက်ဆိုးကျိုးများ ဖြစ်နေသည်ဟု သုံးသပ်ယူဆကြောင်း ဦးဇော်မိုးနော်က ရှင်းလင်းပြောကြားသည်။

ထိုလုပ်ငန်းကို အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသားကုမ္ပဏီကြီးများက လုပ်ငန်းရှင်ကြီးများနှင့် ဒေသခံပြည်သူ လုပ်ငန်းရှင်အချို့ ချိတ်ဆက်ပူးပေါင်းပြီး စိုက်ပျိုးနေသည့် စိုက်ခင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစိုက်ခင်းပြုလုပ်သည့် ငှက်ပျောကုမ္ပဏီများနှင့် တစ်ဘက်နိုင်ငံသို့ သယ်ယူပို့ဆောင်သောယာဉ်ကြီးများကို အခွန် ကောင်းစွာကြီးကြပ်ကောက်ခံနိုင်ပါက နိုင်ငံတော်အတွက်သာမက ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများအတွက်လည်း များစွာအကျိုးဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။

တရုတ်တစ်သျှူးငှက်ပျော စိုက်ပျိုးခြင်းကို အခြေခံပြီး ဖြစ်ပေါ်လာမည့် အခြေအနေ၊ အကြောင်းအရာအမျိုးမျိုးကို ထိန်းချုပ် ကိုင်တွယ်သွားနိုင်ရန် ကချင်ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ခိုင်မာသောမူဝါဒ တစ်ခုခုချမှတ်သွားရန် အစီစဉ်ရှိမရှိ မေးမြန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ငှက်ပျောစိုက်ခင်းကို ပြည်နယ်ရဲ့ အရှေ့ဘက်ခြမ်းကို လုံးဝလုံးဝ စိုက်ပျိုးခွင့်မပြုစေချင်ဘူး။ ကုန်ကုန်ပြောရရင် ဧရာဝတီမြစ် အနောက်ဘက်ကို ဆက်လက်ပြီးတော့ လုံးဝလုံးဝ တိုးချဲ့စိုက်ပျိုးခွင့်မပြုသင့်ကြောင်း ကျွန်တော်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်" ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနော်က ပြောသည်။

အဆိုပါမေးခွန်းကို ပြည်နယ်အစိုးရဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်း ဖြေကြားခဲ့ရာ ကချင်ပြည်နယ်လွှတ်တော်မှာ အကြိမ်ကြိမ် မေးမြန်းခဲ့သော မေးခွန်းတစ်ခုဖြစ်သလို၊ ပြည်ထောင်စု အစိုးရနှင့် တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့တို့မှ ကျွန်တော်တို့ကို ညွှန်ကြားသည့် အချက်များကို အတတ်နိုင်ဆုံး ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် အညီ စီမံဆောင်ရွက်နိုင်ရေး လမ်းညွှန်ကြားမှုများ ရှိခဲ့ပြီးဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ပြောကြားခဲ့သည့်အဓိကအချက်များကို အတတ်နိုင်ဆုံး လုပ်ငန်းစဉ်အတိုင်း ရှင်းလင်းသွားမည်။

ယခင်အစိုးရနှင့်ဒေသအာဏာပိုင်းများက ခွင့်ပြုထားသော မြေလွတ်မြေလပ်၊ မြေရိုင်းများပေါ်တွင်သော်လည်းကောင်း၊ ဒေသခံပြည်သူများ မြေယာများ ငှားရမ်းမှုသော်လည်းကောင်း၊ သစ်တောမြေများပေါ်တွင် လည်းကောင်း စိုက်ပျိုးမှုများရှိနေကာ တစ်သျှူးငှက်ပျော စိုက်ပျိုးမှု ဧရိယာ ၁၉၆၄၂၅ ဧကဝန်းကျင်ရှိပြီး မြေလွတ်၊မြေလပ်၊မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့များနှင့် ဒေသဆိုင်ရာ အာဏာပိုင်းများမှ ခွင့်ပြုထားသော မြေများ၌ ရာဘာနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးလုပ်ကိုင်ခြင်းအတွက်သာ ခွင့်ပြုထားသည်ဟု ဦးဝေလင်းက ပြောသည်။

ငှက်ပျောသီးနှံစိုက်ပျိုးမှုမှာ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ အခန်း ၆၊ ပုဒ်မ ၁၆ ခွဲ(က)မှာ ခွင့်ပြုထားသော လုပ်ငန်းအမျိုးအစားများနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ရမည်ဟု ပြဌာန်းထားပြီး ပုဒ်မ ၁၆ ခွဲ (ဂ)တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများလုပ်ပိုင်ခွင့်နှင့်ပတ်သတ်၍ ဗဟိုကော်မတီမှ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်ဟု ပြဌာန်းထားကြောင်း သိရသည်။

ဥပဒေအရသီးနှံလွှဲပြောင်းစိုက်ပျိုးမည်ဆိုပါက တရားဝင်စိုက်ပျိုးမှုကို လျှောက်ထားရမည်ဖြစ်ပြီး ဥပဒေက ခွင့်ပြုထားသည့်မြေများ၌ စိုက်ပျိုးမှုတွင် အခွန်စည်းကြပ်ရန်နှင့် သတ်မှတ်ထားသည့်အခွန်ပေးဆောင်ရန် ဥပဒေတွင် ပြဌာန်းထားပြီးဖြစ်ကြောင်းလည်းသိရသည်။

ယခင်ကဒေသဆိုင်ရာအာဏာပိုင်းများက ကြိုတင်ခွင့်ပြုမိန့်ကို ပယ်ဖျက်လိုက်ပြီး ဖြစ်သည့်အတွက် လုပ်ပိုင်ခွင့် ရရှိထားသော ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရန် မြေပြင်၌အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်ပြီးသော ဧရိယာများကို ပြန်လည်လျှောက်ထားရန်၃၁ရက် ဇလ ၂၀၁၈ ခုနှစ်တွင် ပေးပို့ထားပြီးဖြစ်ပါကြောင်းလည်း ဦးဝေလင်းက ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပုံစံ(၇)ရရှိထားသည့် မြေယာများကိုငှားရမ်းလိုပါက ဥပဒေတွင်ပြဌာန်းထားသည့်အတိုင်းလုပ်ဆောင်ရမည်ဖြစ်ပြီး သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောဧရိယာများတွင် စိုက်ပျိုးလုပ်ကိုင်သူများသည် သက်ဆိုင်ရာဌာနများ၏ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ပယ်ဖျက်ခွင့် ရရှိမှသာလျှင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဦးဝေလင်းက ပြောသည်။

ငှက်ပျော စိုက်ခင်းများမှ ရရှိသည့် ငှက်ပျောသီးများကို ကန်ပိုင်တီနှင့် လွယ်ဂျယ်ဂိတ်မှ တရုတ်နိုင်ငံသို့တင်ပို့မှုအပေါ် ပြည်တွင်းအခွန်များဦးစီးဌာနမှ အကောက်အခွန်သတ်မှတ်တန်ဖိုး မြေဆီအပေါ် ၂ရာခိုင်နှုန်းကို ကြိုတင်စပေါ်ငွေအဖြစ် မြန်မာကျပ်ငွေဖြင့် ကောက်ခံလျက်ရှိကြောင်း၎င်းက ထပ်မံပြောသည်။

ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားသည့်ကြိုတင်ငွေ ၂ ရာခိုင်နှုန်း ကောက်ခံရရှိမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၂၃ သန်းကျော်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြန်မာကျပ်ငွေ ၈၁ သန်းကျော်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၆၃၈သန်းကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၃၁၉ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၂၂၇၆ သန်းကျော် နှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ၆ လအတွင်း ၁၉၄၅ ကျော်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ဖြစ်သည့် အောက်တိုဘာလတစ်လအတွင်း၇၅သန်းကျော် ကောက်ခံရရှိခဲ့ကြောင်း ဝန်ကြီးက ပြောသည်။

ထိုသို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ကုမ္ပဏီလုပ်ငန်းရှင်များမှ ကောင်းစွာလိုက်နာဆောင်ရွက်မည်ဆိုပါက တောင်သူများနှင့် လုပ်ငန်းရှင်များဖြစ်သည့် ပြဿနာကိုဖြေရှင်းနိုင်မည်ဖြစ်ကြောင်းနှင့် အကောက်အခွန်များကိုလည်း အလေအလွင့်မရှိဘဲ ကောက်ခံမည်ဆိုပါက နိုင်ငံတော်နှင့် ဒေသအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း ဦးဝေလင်းက ရှင်းလင်းပြောကြားခဲ့သည်။

"ဒီငှက်ပျောစိုက်ခင်း ပြုလုပ်နေမှုကို နည်းဥပဒေ၊ ဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်မှာဖြစ်တယ်။ ကျွန်တော်တို့ နည်းစနစ်မှန်မှန်ကန်ကန်နဲ့ ကောင်းစွာစိစစ်ပြီးမှ ပွင့်လင်းမြင်သာမှုရှိရှိ အချိန်မီအတွင်း ဆောင်ရွက်နေပါတယ်"ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးဝေလင်းက ပြောသည်။

တစ်ဘက်နိုင်ငံမှ ဝင်ရောက်လာသည့် ၂၁ ဘီး ကုန်တင်ကားကြီးများကို လည်း ကောင်းစွာစိစစ်ပြီးမှ ဖြတ်သန်းခွင့်ပြုထားပြီး တရုတ်နိုင်ငံသားများ ဝင်ရောက်မှုကိုလည်း လဝက ဥပဒေနှင့်အညီ ဝင်ရောက်ခွင့်ပြုထားပြီး မြန်မာနိုင်ငံသားများစွာလည်း အလုပ်အကိုင်ရရှိနေကြောင်းဦးဝေလင်းက ပြောသည်။

မွန်းမွန်းပန်၊ စည်သူ

# လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အပြောင်းအလဲကြောင့် လွှတ်တော်အထူးအစည်းအဝေး ကျင်းပ၊ မေးခွန်းအများဆုံးမေးမြန်းခဲ့သော ကိုယ်စားလှယ်များ ကျေနပ်အားရမှုမရှိ

နိုဝင်ဘာ ၃၀

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အပြောင်းအလဲကြောင့် နိုဝင်ဘာလ ၂၈ ရက်နေ့မှ စတင်ကာ ၃ရက်ကြာကြာ ဖြတ်ကျင်းပရခြင်း ဖြစ်သည်ဟု ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အဲဒါကတော့ ဒီလိုပါပဲ။ လုံ/နယ်ဝန်ကြီး အပြောင်းအလဲရှိလို့ အဲဒီအတွက်ကြောင့် အထူးအစည်းအဝေး လုပ်ရတာ။ လုံ/နယ်ဝန်ကြီး ကတိသစ္စာခံယူဖို့နဲ့ ပေါင်းပြီးလုပ်လိုက်တာပါ"ဟု အထက်ပါ လွှတ်တော်ဥက္ကဋ္ဌမှ ဆက်လက်ဖြေကြားသည်။

၃ ရက်ကြာ ကျင်းပခဲ့သည့် ယင်း အထူးအစည်းဝေးတွင် တက်ရောက်လာသည့် ပြည်နယ်ကိုယ်စားပြု လွှတ်တော်အမတ်များက ကြယ်ပွင့်ပြမေးခွန်း ၃၇ ခုကို မေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးများကပြန်လည်ဖြေဆိုပေးခဲ့သည်။



ပြောင်းလဲခန့်အပ်လိုက်သည့် လုံ/နယ် ဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်း လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာစဉ်

အထက်ပါ အစည်းဝေးတွင် ဆော့လော်မြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်အမတ်များမှ မေးခွန်းအများဆုံး မေးမြန်းခဲ့ကြပြီး ဆော့လော်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခေါ်မာဝူမှ မေးခွန်း ၁၀ ခွန်း မေးမြန်းကာ ဆော့လော် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်လရှီးဇော်လွမ်းလန်းက မေးခွန်း ၇ ခုကို မေးမြန်းခဲ့ကြသည်။

ဆော့လော်လွှတ်တော်အမတ်များက သောက်သုံးရေရှားပါးမှုပြဿနာများ၊ တံတားအသစ်များ တည်ဆောက်ပေးရန်ရှိ/မရှိ၊ ကျောင်းဆောင်ပြုပြင်ခြင်းများ၊ သွားလာရ ခက်ခဲနေသည့် လမ်းများအား ပြုပြင်ပေးရန် ရှိ/မရှိ အစရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့ကြသည်။

မေးခွန်းများနှင့် ပတ်သက်ပြီးသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားချက်များကို လွှတ်တော်အမတ်များအနေဖြင့် ကျေနပ်အားရမှုမရှိကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျေနပ်အားရမှုဆိုတာ နည်းနည်းလေးမှ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရန်ပုံငွေတောင်းခံရရှိပါက ဆိုတာလည်း ၂၀၂၀-၂၁ မှတဲ့။ ပြီးတော့ နယ်/လုံဝန်ကြီးနဲ့ ဖြေရမယ့် နတလ ဘတ်ဂျတ်နဲ့တော့ အရေးကြီးရင်ကြီးသလို ရန်ပုံငွေကနေဆောင်ရွက်သွားမယ်လို့တော့ မျှော်လင့်ပါတယ်။ သောက်သုံးရေ ရရှိဖို့ကတော့ ပြည်နယ်အစိုးရကို တောင်းဆိုချင်တာပေါ့နော်။ သောက်သုံးရေလေး ရရှိဖို့တောင် ပြည်ထောင်စုဘတ်ဂျတ်နဲ့ပဲ ပေးမယ်ဆိုတော့ အန်တီ မဲဆန္ဒနယ်မှာတော့ နောက်ထပ် နှစ် ၂၀ တောင် သောက်သုံးရေမရရှိလောက်ဘူး"ဟု ဆော့လော်မြို့နယ်မဲဆန္ဒနယ်(၂) မှ ပြည်နယ်လွှတ်တော် ဒေါ်ခေါ်မာဝူက ရှင်းပြသည်။

ဆော့လော်မြို့နယ်သည် ဝေးလံခေါင်သီသည့် ဒေသတစ်ခုဖြစ်ပြီး မြို့နယ်ဖွံ့ဖြိုးရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(နတလ) ၏ အသုံးစရိတ်ဖြင့်အများဆုံး အသုံးပြုရသည့် ဒေသတစ်ခုလည်း ဖြစ်သည်။

"အရမ်းတော့လည်း ကျေနပ်မှုရှိဘူးပေါ့။ ဘာလို့လဲဆိုအစ်မတို့ဆော့လော်မြို့နယ်က ဌာနတွေက တွဲနေတယ်။ သူတို့က မလာကြဘူး။ ချီဖွေလောက်မှာပဲ နေနေကြတာ။ ဌာနဆိုင်ရာတွေရဲ့ တွက်ချက်မှုပါရင် ပေးမယ်လို့ပြောတယ်လေ။ ဒါပေမဲ့ ဒီနေရာတွေက ဝေးလံခေါင်ပါးတော့ ကွင်းသိပ်မဆင်းနိုင်ကြဘူး။ အဲဒီလိုအားနည်းတာပေါ့နော်" ဟု ဆော့လော်မြို့နယ်၊ မဲဆန္ဒနယ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်လရှီးဇော်လွမ်းလန်းမှ ပြောသည်။

၂၀၁၄ သန်းခေါင်စာရင်းများအရ ဆော့လော်မြို့နယ်တွင် လူဦးရေ ၆၅၂၂ ရှိပြီး အိမ်ထောင်စု ၁၀၇၃ စု ရှိကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)






# ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ပထမဦးဆုံးအကြိမ် မြစ်ကြီးနားမြို့တွင် ကျင်းပပြုလုပ်




မြစ်ကြီးနား၊ နိုဝင်ဘာ ၂၉

ပထမကြိမ်မြောက် ကျင်းပသော ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်(UNA)အဖွဲ့ဝင်များနှင့် ကချင်ပြည်နယ်အခြေစိုက် အဖွဲ့အစည်းများက မြစ်ကြီးနားမြို့တွင် နှစ်ရက်ကြာ ကျင်းပပြုလုပ်ခဲ့သည်။

နှီးနှောဖလှယ်ပွဲပထမရက်တွင်UNA၏ ဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများ(မူကြမ်း)ကို ရှင်းလင်းခဲ့ပြီး ဒုတိယရက်တွင် ဖက်ဒရယ်ပညာရေးနှင့် မိခင်ဘာသာစကား အခြေပြုပညာရေးစနစ်ကို ရှင်းလင်းတင်ပြသွားကာ ကချင်ပြည်နယ်၏ နိုင်ငံရေးအခင်းအကျင်း၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားအရေးကြီးသော ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

ဖက်ရယ်ပြည်ထောင်စု တည်ဆောက်ရေး မူကြမ်းသည် ပြည်နယ်အသီးသီး အကျိုးကျေးဇူးရရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်နေသော တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်ကြောင်းကို UNA အဖွဲ့ဝင် ကချင်အမျိုးသားကွန်ကရက်ပါတီ KNC ဥက္ကဋ္ဌ ဒေါက်တာ M ကောန်လက ပြောသည်။

"ဖက်ရယ်ပြည်ထောင်စု တည်ဆောက်ရေး အခြေခံမူကြမ်း ထွက်လာဖို့အတွက် ကျွန်တော်တို့ အစည်းအဝေး အဆင့်ဆင့်တွေ လုပ်ရတယ်။ ဒါကတော့ ကချင်ပြည်နယ်အတွက် ကောင်းမွန်တဲ့ အစီအစဉ်၊ ကချင်ပြည်နယ်အကျိုးကျေးဇူးအတွက် အကောင်အထည်ဖော်တာ ဖြစ်တယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ကချင်လူမျိုးစုခြောက်စုပဲမဟုတ်ဘူး။ ပြည်နယ်မှာ မှီတင်းနေထိုင်နေတဲ့ အခြားသော လူမျိုးတွေအားလုံးနဲ့လည်း ဆိုင်တယ်"ဟု ဒေါက်တာ M ကောန်လက ပြောသည်။

ယခုကဲ့သို့သော နှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းဖြင့် ပြည်သူလူထုထံမှ ကြားသိရသော၊ ပြည်နယ်အတွင်း လတ်တလော ဖြစ်ပျက်နေသော ပဋိပက္ခများ၊ အကြောင်းအရာများကို အချက်အလက်ရယူစုဆောင်းကာ ပေါ်လစီများ ထပ်မံ ရေးဆွဲသွားမည်ဖြစ်ကြောင်းကို ဒေါက်တာ M ကောန်လက ဆက်လက်ပြောသည်။

"အနာဂတ်ပြည်ထောင်စု တည်ဆောက်ဖို့ဖြစ်တယ်။ အဲ့ဒီတော့ ပြည်နယ်ဆိုင်ရာ အရှုပ်အထွေး ပြဿနာတွေရှိတယ်။ လတ်တလော ဖြစ်ပျက်နေတဲ့ ပဋိပက္ခတွေပေါ့။ အဲ့ဒါတွေကို ပြည်သူတွေဆီက အသံတွေ ကြားရပါတယ်။ အချက်အလက်တွေကို စုဆောင်းပြီးမှ ကျွန်တော်တို့ရဲ့ နောက်ပေါ်လစီတွေ ထပ်ထွက်လာမယ်"ဟု ဒေါက်တာ Mကောန်လက ပြောသည်။

UNA အနေဖြင့် လာမည့်ကာလများတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးအတွက် နိုင်ငံရေးပါတီအချင်းချင်းနှင့်သာ ဆွေးနွေးသွားမည်မဟုတ်ဘဲ ဒေသအတွင်း ပုံစံအမျိုးမျိုးဖြင့် ကူညီနေသော လူမှုအဖွဲ့အစည်းများ၊ လူထုက ရွေးချယ်တင်မြောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးကာ ဒေသအတွင်း အရေးကြီးသော ကိစ္စရပ်များကို ဆွေးနွေး၍ အကြံပြုချက်များကို ရယူသွားမည်ဖြစ်ကြောင်း UNA အတွင်းရေးမှူး အဖွဲ့ဝင် ဦးစိုင်းညွန့်လွင်က ပြောသည်။

"နှစ်ပေါင်း ၃၀လောက်ရှိပြီ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ လုပ်ကြတယ်။ အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတွေ လုပ်ကြတယ်။ နောက်ပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ဖို့လည်း လုပ်ကြတယ်။ ဒါပေမဲ့ ဒီနေ့အထိ ခရီးသိပ်မရောက်ဘူးပေါ့နော်။ ဆိုတော့ ကျွန်တော်တို့ ပြန်ပြီး သုံးသပ်ဖို့ လိုတယ်။ နောက်ပြီးတော့ သုံးသပ်ချက်တွေပေါ်မှာ ပြုပြင်စရာရှိတာတွေကို ပြုပြင်ဖို့လိုတယ်လေ။ အဲဒါကြောင့် UNA အစည်းအဝေးထဲမှာပဲ မနေတော့ဘဲနဲ့ ပြည်နယ်တွေမှာ လိုက်ပြီးတော့ ဆွေးနွေးပွဲတွေလုပ်တာပါ"ဟု UNA အတွင်းရေးမှူးအဖွဲ့ဝင် ဦးစိုင်းညွန့်လွင်က ပြောသည်။

ဆွေးနွေးပွဲမှ ရရှိလာသော ဆွေးနွေးချက်များကို လာမည့် အစည်းအဝေးတွင်တင်ပြသွားမည်ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ မူကြမ်းနှင့်ပတ်သက်၍လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းကို ဦးစိုင်းညွန့်လွင်က ဆက်လက်ပြောကြားခဲ့သည်။

"လောလောဆယ် မူကြမ်းကတော့ ဒီအဆင့်လောက်နဲ့ တော့မရဘူး။ နိုင်ငံရေးနဲ့လည်း စပ်ဆိုင်နေတဲ့အတွက်ကြောင့် အခြားနိုင်ငံရေး အဖွဲ့အစည်းတွေနဲ့ ဆက်ပြီးတော့ ဆွေးနွေးသွားမှာပါ"ဟု ဦးစိုင်းညွန့်လွင်က ဆက်လက်ပြောကြားခဲ့သည်။

တိုင်းရင်းသားပါတီအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ကာပြည်နယ်အရေး၊ တိုင်းရင်းသားအရေးများကို တောင်းဆို၊ တင်ပြနိုင်ရေးကို တိုင်းရင်းသားပါတီများအနေဖြင့် ဦးဆောင်ပါဝင်စေလိုကြောင်း ပွဲတက်ရောက်လာသူ ဦးလဇျမုန်ထွယ်က ပြောသည်။

"UNA အနေနဲ့ တိုင်းနဲ့ ပြည်နယ်အသီးသီးက တိုင်းရင်းသားပါတီ အချင်းချင်း စည်းလုံးညီညွတ်အောင် ဆက်လက်ဆောက်ရွက်ပေးစေလိုတယ်။ နောက် တိုင်းရင်းသားအချင်းချင်းလည်း ပိုပြီးညီညွတ်ပြီးတော့ ပြည်ထောင်စုမှာ ကျွန်တော်တို့ ပြည်နယ်အရေး၊ တိုင်းရင်းသားတွေရဲ့ အရေးကို တောင်းဆိုတင်ပြရမယ့်နေရာမှာ ပိုပြီးစည်းစည်းလုံးလုံးနဲ့ ဦးဆောင်ပါဝင်လုပ်ဆောင်ပေးစေချင်ပါတယ်"ဟု ဦးလဇျမုန်ထွယ်ကပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ်အသီးသီးမှ UNA အဖွဲ့ဝင် ပါတီကိုယ်စားလှယ်များ၊ ကချင်ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဘာသာရေးအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ ကချင်မျိုးနွယ်စု ခေါင်းဆောင်များ၊ ကချင်ရိုးရာစာပေနှင့် ယဉ်ကျေးမှုတက္ကသိုလ်များ အဖွဲ့၊ ဂေါ်ရ်ခါး ကျောင်းသားလူငယ်များအဖွဲ့၊ ကချင်အမျိုးသမီးများ အစည်းအရုံး အစရှိသော အသင်းအဖွဲ့များအားလုံး တက်ရောက်ခဲ့ကြသည်။

UNAအဖွဲ့သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့် စသည့် တိုင်းရင်းသားပါတီ ၁၅ ခု ပါဝင်လျက်ရှိပြီး ၁၉၄၇ ပင်လုံကတိကဝတ်ကို အခြေခံထားသည့် တိုင်းရင်းသားမဟာမိတ်အဖွဲ့ဖြစ်ကြောင်းနှင့် ယခုကဲ့သို့သော နှီးနှောဖလှယ်ပွဲများကို ကျန်ပြည်နယ် အသီးသီးတွင်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ann

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ကျောက်မျက်ကုမ္ပဏီများ၏ CSR ရန်ပုံငွေကို သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှု အားနည်းနေဟုဆို



မြစ်ကြီးနား၊ နိုဝင်ဘာ ၂၈

ဖားကန့်မြို့နယ်အတွင်းရှိ ကျောက်မျက်ကုမ္ပဏီများမှ ထည့်ဝင်ထားသည့် Corporate Social Responsibility (CSR) ရန်ပုံ ငွေများကို သုံးစွဲရာတွင် ပွင့်လင်းမြင်သာမှု အားနည်းနေသည်ဟု ဖားကန့်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းမှ ပြောကြားလိုက်သည်။

ဖားကန့်မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် လုပ်ငန်းတစ်ခုဖြစ်သည့် ဥရုချောင်းမြေထိန်းနံရံများ တည်ဆောက်သည့်အခါတွင် အချိန်တိုအတွင်း ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်နေခြင်းကြောင့် အလေအလွင့် မဖြစ်စေရန် ကချင်ပြည်နယ်အစိုးရက CSR ရန်ပုံငွေများကို မည်သို့အသုံးချထားပုံ၊ မည်သည့်နေရာတွင် ဆောင်ရွက်နေပြီး မည်သည့် လုပ်ငန်းများ ဆောင်ရွက်နေသည်ကို သိရှိရန်အတွက် နိုဝင်ဘာလ ၂၈ ရက်နေ့က ပြုလုပ်သည့်ကချင်ပြည်နယ် အထူးအစည်းအဝေးတွင် ဦးဒါရှီလဆိုင်းက ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ခြင်း ဖြစ်သည်။

"CSR ရန်ပုံငွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဖားကန့်မှာ အသုံးပြုနေတဲ့အပိုင်းမှာ အားနည်းချက်ရှိတယ်ဆိုတာ ကြားသိနေရတဲ့ အတွက်ကြောင့်မို့လို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားနည်းချက်ဆိုတာက ဥရုချောင်း မြေထိန်းနံရံတွေ ရေကာတာတွေ လုပ်နေတဲ့အချိန်မှာ အချိန်တိုအတောအတွင်းမှာ ပြိုကျပျက်စီးမှုတွေ ဖြစ်နေတယ်။ CSR ရန်ပုံငွေနဲ့ ပတ်သက်ပြီး အများပြည်သူတွေ သိရှိမှုအပိုင်းမှာလည်း အားနည်းတယ်"ဟု ဦးဒါရှီလဆိုင်းက ပြောသည်။

ထို့ကြောင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မဖြစ်အောင် စနစ်တကျလုပ်ဆောင်သင့်ကြောင်း၊ ယခုထက်ပိုပြီး ပွင့်လင်းမြင်သာမှုရှိလာအောင်လည်း လုပ်ဆောင်သင့်ကြောင်း၊ တစ်ဦးတစ်ယောက်က လက်ဝါးကြီးအုပ်ပြီး စီမံခန့်ခွဲသည့် ပုံစံမျိုးလည်း မဖြစ်စေလိုကြောင်းလည်းဦးလဆိုင်းက ဆက်လက်ရှင်းပြသည်။

အထက်ပါ အကြောင်းအရာနှင့် ပတ်သက်ပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦး H လအောင်က လုံးခင်း၊ ဖားကန့် ရတနာနယ်မြေအတွင်း CSR ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့သည့် လုပ်ငန်းများမှ ဥရုချောင်းရှင်းလင်းရေး လုပ်ငန်း ၁၃ ခုနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် ဆောင်ရွက်နေသည့်ဖွံ့ဖြိုးရေးလုပ်ငန်းစုစုပေါင်း ၂၆ ခုရှိကြောင်းဖြေကြားခဲ့သည်။

"ဥရုချောင်း ထိန်းသိမ်းရေးလုပ်ငန်း ၁၃ ခုအနက် လုပ်ငန်းနှစ်ခုပြီးစီး၍ လုပ်ငန်း ၁၁ ခုမှာ ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၆ ခု အနက် ၄ ဆောင်ရွက်ပြီးစီး၍ ကျန်ရှိတဲ့ လုပ်ငန်းများကို ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်"ဟု ဦးဒါရှီလဆိုင်း၏ မေးခွန်းအား ပြန်လည်ဖြေကြားပေးခဲ့သည်။

ကျောက်စိမ်းကျောက်မျက်တူးဖော်သည့် လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုအပေါ် တာဝန်ခံသည့်လုပ်ငန်း Corporate Social Responsibility (CSR) ရန်ပုံငွေ (ကျောက်မျက်လုပ်ငန်းရှင်များမှ ထည့်ဝင်ထားသည့်ငွေ)မှာ စုစုပေါင်း ကျပ်သန်း ၂၄၀၀ ကျော်(၂၄၁၈ ဒသမ ၂၆ သန်း)ရှိကြောင်းသိရသည်။

စည်သူ(မြစ်ကြီးနား)




## အယ်ဒီတာ့အာဘော်

### ပြောင်းလဲချိန်တန်ပြီနှင့် ပြောင်းလဲခြင်းခံလိုက်ရသူများ

ဒီနေ့ ကိုယ့်နိုင်ငံအတွင်း ငြိမ်းချမ်းရေးရအောင် အထူးကြိုးစားကြရမည့်အစား မိမိပါတီလူကြိုက်များအောင် မဲဆွယ်စည်းရုံးဖို့ကိုသာ အာရုံစိုက်နေကြတဲ့ ပါတီတွေနဲ့ ကိုယ်စားလှယ်တွေရဲ့ ပြောဆိုဆောင်ရွက်နေကြတာကိုတွေ့ရ၊ ကြားရ၊ မြင်ရတော့ အင်မတန် စိတ်မကောင်းဖြစ်ရပါတယ်။ တချို့သောသူတွေ (အားလုံးကိုမဆိုလိုပါ)က အခွင့်ကောင်းယူလို့ စီးပွားကိုရှာ၊ တိုင်းကျိုးပြည်ကျိုးကို မငဲ့ကွက်ပဲ ကိုယ်လွတ်ရုန်းထွက်၊ မိမိ မိသားစု ဆွေမျိုးအသိုင်းအဝိုင်း ကောင်းစားရေးကိုသာ အဓိကထားလုပ်ဆောင်နေတာကို တွေ့မြင်နေရတာကလည်း ကြောက်ရွံ့စရာ ကောင်းလှပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ တကယ်လိုအပ်နေတာက မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို ရဲရဲချပြီး သတ္တိရှိစွာနဲ့ ဦးဆောင်ဦးရွက်ပြုနိုင်သူတွေကိုပါ။ ကျွန်တော်တို့ ပြည်သူတွေက အဲ့ဒီလို ပုဂ္ဂိုလ်တွေကို မျှော်ကိုးပြီး လက်သန်းတွေ အပေခံလို့၊ မဲကို ရွေးလို့ ပေးခဲ့ကြတာပါ။ ယနေ့ ထိုထိုသော ပုဂ္ဂိုလ်တွေကလည်း ထိုနည်းလည်းကောင်း အပြောင်းအလဲလုပ်ကြမယ် ဆိုပြီး ရွေးကောက်ခံလို့ လွှတ်တော်ထဲ ဝင်ခဲ့ကြတာပါ။ ဒီအခွင့်အရေးကြီးကို ရဖို့ နှစ်ပေါင်း ၆၀ ကျော်ဆိုတဲ့ အချိန်နဲ့ အသက်၊ သွေး၊ ချွေးအပြင် မိသားစုနဲ့ ဝေးထောင်နန်းပါစံလို့ ဘဝတွေကို ပေးဆပ်ခဲ့ကြရတာပါ။ ၁၉၉၀ ပြည့်နှစ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲအပြတ်အသတ် နိုင်ခဲ့ပေမယ့် စစ်အာဏာရှင် အုပ်စုတွေက အာဏာမလွှဲပေးခဲ့တာ၊ ၂၀၁၅ မှာ အားလုံးစည်းလုံးစွာ လက်တွဲ၊ နိုင်ငံတကာရဲ့ ဖိအားအပါ ရွေးကောက်ပွဲနိုင်ပြီး အာဏာလွှဲပေးခဲ့တာ မေ့ကြအုံးမယ် မထင်ပါဘူး။

၂၀၁၅ မှာနိုင်၊ ၂၀၁၆ ကစ တာဝန်ယူခဲ့ပြီး ယနေ့ ၂၀၁၈ မှာ ၃ နှစ်တိုင်ခဲ့ပါပြီ။ ဒါပေမဲ့ မည်ကာမတ္တ ပြောင်းလဲမှုကြီးတွေကို မတွေ့ရသလောက်ပါ။ အချို့ ဥပဒေနဲ့ အဘဆိုသူတွေကို မထိခိုက်နိုင်တဲ့ ပြောင်းလဲမှုတွေကိုတော့ဖြင့် တွေ့နေရပါတယ်။ ဒါကလည်း မဆိုစလောက်ပါ။ လွှတ်တော်ထဲဝင်ပြီး ပြောင်းလဲဖို့ ဟစ်ကြွေးခဲ့ကြသူတွေ ဆင်ခြေပြန်ပေးကြတာကတော့ "ကျွန်တော်၊ ကျွန်မတို့ တတ်နိုင်သလောက်တော့ ကြိုးစားတာပဲ။ ဒါပေမဲ့ လုပ်လို့ မရနိုင်တာတွေက အများကြီးပါ။ ခင်ဗျားတို့ နားလည်မှာ မဟုတ်ပါဘူး"တဲ့လေ။ ခုထိ ကြီးကြီးမားမား ပြောင်းလဲမှုကြီးတွေကို မလုပ်ဆောင်နိုင်ဘူးလို့ဆိုရင် မိမိကိုယ်မိမိ ပြန်လည်စဉ်းစားသုံးသပ်ဖို့ လိုပြီလို့ ဆိုချင်ပါတယ်။ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ အပြောင်းအလဲ သမိုင်းကောင်းရေးခဲ့ကြဖို့ နောက်ထပ် ၂နှစ်ဆိုတဲ့ အချိန်လေးပဲ ကျန်ပါတော့တယ်ဆိုတာကိုလည်း သတိချပ်ဖို့ လိုအပ်ပါတယ်။

ဒီနေ့ ကိုယ်တွေက အပြောင်းအလဲဆိုတဲ့ ခေါင်းစဉ်အောက်က ကြွေးကြော်ပြီး လွှတ်တော်ထဲဝင်ခဲ့တာပါ။ ကိုယ်တကယ် အပြောင်းအလဲတွေလုပ်နိုင်ပြီလား။ ကိုယ်တိုင်ပဲ ပြောင်းလဲခံလိုက်ရပြီလားဆိုတာ ဒီနေ့ မိမိကိုယ်ကိုမိမိ ပြန်လည် သုံးသပ်သင့်ပါတယ်။

"မိမိကိုယ်၌ ပြောင်းလဲခံရပြီဆိုရင်တော့ ခုချိန်မီ ပြင်ဆင်ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ မိမိရဲ့ မရိုးသားတဲ့စိတ်နဲ့ အရိပ်မည်းက မိမိကိုယ်ကိုယ် အမြဲ ခြောက်လှန့်နေမယ်ဆိုတာ တစ်ထစ်ချလို့ မှတ်ယူစေချင်ပါတယ်။ ဥပမာပေးရရင် ပြည်သူဆိုတာ ပညာတတ်သည်၊ မတတ်သည်၊ သက်ရွယ် ငယ်သည်၊ ကြီးသည် မသက်ဆိုင်ဘဲ စဉ်းစားဝေဖန် ပိုင်းခြားနိုင်ကြပါတယ်။ ပြည်သူကို ဝတ္တရားပြုလိုသူတွေက ပြည်သူကို အထင်သေးစိတ်နှမ်းစေ့မှမရှိဘဲ အလုပ်အကြွေးပြုဖို့ သတိချပ်စေချင်ပါတယ်။ နိုဝင်ဘာလ ၃ ရက်နေ့က ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲကို ပြန်သုံးသပ်ကြည့်ပါ၊ တစ်နိုင်ငံလုံးရဲ့ မဲဆန္ဒနယ် ၁၃ နေရာမှာ ၆ နေရာကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရှုံးနိမ့်ခဲ့တာဟာ ပြည်သူတွေရဲ့ဆုံးဖြတ်နိုင်စွမ်းရှိတယ် ဆိုတဲ့ သက်သေတွေပါ။ ပြည်သူသန်း ၅၀ ကျော်ထဲက အနိုင်အရှုံး ဆုံးဖြတ်ပေးခဲ့တဲ့ မဲအများစုဟာ ပညာတတ်အုပ်စုတွေရဲ့ မဲအရေအတွက် တွေထက်များခဲ့တယ်ဆို မမေ့စေချင်ပါဘူး။

ဒါ့ကြောင့် စေတနာမှန်သစ္စာမှန်နဲ့ ကျန်တဲ့ ၂နှစ်မှာ သတ္တိရှိရှိ ခိုင်မာမှန်ကန်တဲ့ ဆုံးဖြတ်ချက်ချပြီး ပြည်သူအတွက်လုပ်ဆောင်သွားမယ်ဆိုရင် ဆန်တွေရောင်း ပြည်သူကိုပေါင်းဖို့ မဲဆွယ်သူတွေကို နိုင်လို့ ၂၀၂၀ မှာလဲ ဆက်ပြီး အလံမလဲ ပြည်သူအများရဲ့ ထောက်ခံမှုကို ရရှိနိုင်မယ်ဆိုတာ မြစ်ကြီးနားသတင်းဂျာနယ်က အာမခံအကြံပြုလိုက်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
(ဒီဇင်ဘာ ၃ ၊ ၂၀၁၈)




ဖက်ဒရယ်(federal) ဝေါဟာရကို ပုံစံအမျိုးမျိုးဖြင့် အဓိပ္ပါယ် ဖွင့်ဆိုကြသည်။ သို့သော် a,bkk,s တူညီသော အချက်မှာ ဖက်ဒရယ်စနစ်တွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများဟူ၍ ရှိကြသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏အုပ်ချုပ်ရေး ယန္တရားသည်လည်း အလွှာသီးခြားစီ ရှိကြသည်။ အုပ်ချုပ်ရေး ယန္တရား အလွှာတစ်ခုစီသည်လည်း သီးခြားစီ ရွေးကောက်တင်မြှောက်သော ခေါင်းဆောင်များ (ဥပမာ - သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများ)နှင့် အဖွဲ့အစည်းများ (ဥပမာ - လွှတ်တော်၊ ကော်မရှင်များ၊ ကော်မတီများ) ပါရှိကြသည်။ ၎င်းခေါင်းဆောင်များနှင့် အဖွဲ့အစည်းတို့သည် ဆုံးဖြတ်ချက်ချနိုင်သော အာဏာများကိုလည်း ခွဲဝေသုံးစွဲကြသည်။

ဖက်ဒရယ်စနစ်ကို ဗဟိုအစိုးရ၏ အာဏာချုပ်ကိုင်မှုအားဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တားဆီးပေးသော အုပ်ချုပ်မှုစနစ် အဖြစ်လည်း အများက နားလည်လက်ခံထားကြသည်။ ထို့ကြောင့် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အတိအကျရေးသားဖော်ပြထားရန် အလွန်ပင် အရေးကြီးလှသည်။ ဤသို့ အတိအကျရေးသားထားသည်နှင့် ဆန့်ကျင်၍ ဥပဒေ၊ အာဏာ တစ်စုံတစ်ရာ အပြောင်းအလဲ ဖြစ်လာလျှင် သက်ဆိုင်ရာ ပြည်နယ်အစိုးရတို့၏ သဘောတူညီမှုကို ရယူရန် လိုအပ်လာသည်။

အချို့က ဖက်ဒရယ်စနစ်ကို တန်းတူညီမျှမှုရှိသော ပြည်နယ်များဖြင့် စုစည်း၍ ပြည်ထောင်စုအဖြစ် တည်ထောင်ထားပြီး၊ ၎င်းပြည်နယ်များသည် အထိုက်အလျောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ပြည်ထောင်စုနိုင်ငံအဖြစ် နားလည်ကြသည်။ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတွင် ဗဟို (ပြည်ထောင်စု) အစိုးရသည် ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် ငွေစက္ကူရိုက်နှိပ်ထုတ်ဝေရေး အာဏာများကို ရယူထားပြီး ကျန်အာဏာများကို ပြည်နယ်အစိုးရများက ရယူထားလေ့ ရှိကြသည်။

ဖက်ဒရယ်စနစ်ကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် ကွဲပြားမှုများ ရှိသော်လည်း တူညီသည့်အချက်တစ်ခုမှာ ဖက်ဒရယ်စနစ်တွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများဟူ၍ အစိုးရနှစ်ရပ်ရှိသည်။ ၎င်း အစိုးရနှစ်ရပ်စလုံးတွင် (exclusive power) ခေါ် သီးခြားလုပ်ပိုင်ခွင့်အာဏာရှိသော ကဏ္ဍအနည်းဆုံးတစ်ခု ရှိရမည်။ ဥပမာ - ပညာရေး(သို့မဟုတ်)ကျန်းမာရေးကဏ္ဍတွင် ဗဟိုအစိုးရ၏ ဝင်ရောက် စွက်ဖက်မှုကင်းစွာ ပြည်နယ်အစိုးရများသည် စီမံဆောင်ရွက်နိုင်ခြင်းကို ဆိုလိုသည်။

ဗဟိုအစိုးရနှင့် ပြည်နယ်(တိုင်း) အစိုးရများကြားတွင် အာဏာခွဲဝေမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွာခြားတတ်သည်ကိုလည်း သတိပြုသင့်ပေသည်။ သက်ဆိုင်ရာ နိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး စသော အခြေအနေ၊ အကြောင်းအရာများပေါ်တွင် မူတည်၍ ပြည်နယ်(တိုင်း) အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာရရှိမှုတွင် တစ်ခုနှင့်တစ်ခု မတူနိုင်ပါ။

ဖက်ဒရယ် ပြည်ထောင်စုစနစ်၏ ကျစ်လျစ်တောင့်တင်းခိုင်မာမှုသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံမတူပေ။ ထို့ကြောင့် အားကောင်းသော ဖက်ဒရယ် ပြည်ထောင်စုစနစ်နှင့် အားနည်းသော ဖက်ဒရယ် ပြည်ထောင်စုစနစ်ဟူ၍ သုံးနှုန်းကြသည်။ အမေရိကန်၊ ဆွစ်ဇာလန်နှင့် ဩစတေးလျနိုင်ငံတို့သည် အားကောင်းသော ဖက်ဒရယ်ပြည်ထောင်စုများ အဖြစ် လူသိများကြသည်။ အကြောင်းမှာ ၎င်းနိုင်ငံတို့တွင် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အုပ်ချုပ်ရေး ယန္တရားအလွှာအားလုံးနှင့် အဖွဲ့အစည်းများ အားလုံးတို့သည် အဆင့်အတန်း၊ တန်းတူဖြစ်ကြောင်း အသိမှတ်ပြုထားသည်။ ၎င်းတန်းတူမှုကိုလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ကာကွယ်ပေးထားကြောင်း လေ့လာရသည်။ ဥပမာ - အမေရိကန်နိုင်ငံတွင် ဗဟိုအစိုးရသည် ပြည်နယ်အစိုးရများကို ဖြုတ်ချခွင့်၊ ရုပ်သိမ်းခွင့် အာဏာမရှိပေ။ အလားတူပင် ၁၉၈၈ ဘရာဇီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည်လည်း ခိုင်မာသောဖက်ဒရယ်ပြည်ထောင်စု ဥပဒေအဖြစ် လူသိများကြသည်။ ၎င်းဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဗဟိုအစိုးရနှင့် ၂၆ ခုသောပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို အသေးစိတ် ရေးသားထားပြီး၊ ၎င်းအခြေခံဥပဒေကို ပြင်ဆင်လိုလျှင်လည်း လွှတ်တော်နှစ်ရပ်စလုံးမှ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၆၀ ရာခိုင်နှုန်းက ပြင်ဆင်ရန် သဘောတူကြောင်းကို နှစ်ကြိမ်တိုင်တိုင် မဲပေးရမည်ဖြစ်ကြောင်း လေ့လာရသည်။

အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အားနည်းသော ဖက်ဒရယ်စနစ် အဖြစ်လူသိများကြသည်။ အားနည်းသော ဖက်ဒရယ် ပြည်ထောင်စုစနစ်ဆိုသည်မှာ ယေဘုယျအားဖြင့် ဗဟိုအစိုးရက ပြည်နယ်အစိုးရများနှင့် ပြည်နယ်လွှတ်တော်များကို ဖျက်သိမ်း၊ ပြင်ဆင်နိုင်သော အာဏာရရှိထားခြင်းကို ရည်ညွှန်းသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ဗဟိုအစိုးရက မနှစ်သက်လျှင် ၎င်းတို့ကို ဖြုတ်ချပစ်နိုင်သော အာဏာကို ဗဟိုအစိုးရကရယူထားခြင်းကို ဆိုလိုသည်။ ဥပမာ - အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့တွင် ဗဟိုအဆင့်ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အများသဘောတူစနစ်ဖြင့် ပြည်နယ်အစိုးရကို ဖျက်သိမ်းခြင်းနှင့် ပြင်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။ ထို့ကြောင့် အားနည်းသော ဖက်ဒရယ်စနစ်တွင် ပြည်နယ်အစိုးရများ၏ရေရှည်တည်တံ့မှုသည် မသေချာပေ။

ဖက်ဒရယ်စနစ်ကို ပုံစံတူဖက်ဒရယ်စနစ် (Symmetric federal model)နှင့် ပုံစံမတူသော ဖက်ဒရယ်စနစ် (Asymmetric federal model)ဟူ၍ ထပ်မံခွဲခြားထားသည်။ ပုံစံတူ ဖက်ဒရယ်စနစ်သည် ပြည်နယ်အစိုးရများတွင် တူညီသော လုပ်ပိုင်ခွင့် အာဏာရှိခြင်းကို ဆိုလိုသည်။ မြန်မာနိုင်ငံသည်လည်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အားလုံးသည် ဧရိယာ အရွယ်အစား ကြီးငယ်မရွေး ပြည်ထောင်စုအမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ် (၁၂)ဦးစီ စေလွှတ်နိုင်မှု တစ်ခုတည်းကိုကြည့်ပြီး ပြောရလျှင် ပုံစံတူညီသော ဖက်ဒရယ်ပြည်ထောင်စုအသွင်သဏ္ဍာန် ရှိသည်။ ပုံစံမတူသောဖက်ဒရယ်စနစ်သည် ပြည်နယ်အစိုးရများကြားမှာ မတူညီသော လုပ်ပိုင်ခွင့်အာဏာများ ပေးထားခြင်းကို ဆိုလိုသည်။ ဥပမာ - ကနေဒါနိုင်ငံတွင် ကူဘက်ပြည်နယ်အစိုးရက အခြားပြည်နယ် အစိုးရများထက် ပို၍ လုပ်ပိုင်ခွင့်အာဏာ ရရှိထားသည်။ စပိန်နိုင်ငံတွင်လည်း ကာတာလိုးနီးယားနှင့် ဘားစ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသည် ကျန်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများထက် ပို၍ လုပ်ပိုင်ခွင့်အာဏာ ရရှိထားကြသည်။

မတူညီသော ဖက်ဒရယ်စနစ်သည် ပြည်နယ်အစိုးရများ အချင်းချင်းကြားမှာ လုပ်ပိုင်ခွင့်အာဏာနှင့် ပတ်သက်ပြီး အငြင်းပွားမှုများ ပေါ်ပေါက်လာတတ်သော်လည်း မတူညီသော နိုင်ငံ၏သမိုင်းကြောင်း၊ အခြေအနေ လိုအပ်ချက်အရ နိုင်ငံရေးပြဿနာကို ဖြေရှင်းရန် သင့်တော်သော စနစ်အဖြစ်လည်း မှတ်ယူကြသည်။

ဤကဲ့သို့ ပုံစံမတူညီသော ဖက်ဒရယ်စနစ်သည် နိုင်ငံတွင်းရှိ သက်ဆိုင်ရာ ပထဝီအနေအထားအရနှင့် လူမျိုးရေးအရ(သို့မဟုတ်) ထူးခြားသော ယဉ်ကျေးမှုတို့အပေါ် အခြေခံပြီး ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းကိုလည်း လေ့လာရသည်။

တိုင်းရင်းသားကို အခြေခံသော ဖက်ဒရယ်စနစ် (Ethno-federal)တွင် ပြည်နယ်နာမည်များ သတ်မှတ်ရာတွင် ထိုပြည်များရှိတိုင်းရင်းသားတို့ကို ကိုယ်စားပြုသည့် နာမည်ဖြစ်ရမည်။ လက်ရှိမြန်မာနိုင်ငံ ပြည်နယ်(၇)ပြည်နယ်တို့၏ အမည်နာမကိုကြည့်လျှင် မြန်မာနိုင်ငံသည်တိုင်းရင်းသားကိုအခြေခံသော ဖက်ဒရယ် စနစ်အဖြစ် လူသိများကြသည်။ ထို့ပြင် လက်ရှိတွင် ကနေဒါနိုင်ငံ၊ စပိန်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည် တိုင်းရင်းသားကို အခြေခံသော ပြည်ထောင်စုစနစ်အဖြစ် သတ်မှတ်ကြသည်။

နောက်ပြီး ကွန်ဖဒီရေးရှင်းစနစ် (Confederation) တွင် ပြည်နယ်အစိုးရများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ကာကွယ်မှုကို အကောင်းဆုံး ရရှိထားကြသည်။ ပြည်ထောင်စုနိုင်ငံအဖြစ် စုစည်းကြသော်လည်း ပြည်နယ်များသည် အချုပ်အခြာအာဏာအများစုကို ဆက်လက် ရယူထားကြသည်။ ဆိုလိုသည်မှာ ပြည်နယ်အစိုးရများ၏ သဘောတူညီမှု မပါလျှင် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်သည် အကန့်အသတ်ရှိသောကြောင့် ပြည်နယ်အစိုးရများသည်ဗဟိုအစိုးရကို ထိန်းကျောင်းနိုင်စွမ်း ရှိကြသည်။ ထို့ပြင် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့် ခွဲထွက်ခွင့်ကိုလည်းပြည်နယ်အားလုံး၏ သဘောတူညီမှု မလိုဘဲ သက်ဆိုင်ရာပြည်နယ်က ခွဲထွက်လိုလျှင် ခွဲထွက်ခွင့်ရှိသည်ကို တွေ့ရသည်။ ဥပမာ - စကော့တလန်သည် ဗြိတိန်နိုင်ငံမှ ခွဲထွက်လိုလျှင် ဗြိတိန်နိုင်ငံ၏ အခြားနယ်များဖြစ်သော အင်္ဂလန်၊ ဝေလနယ်နှင့် မြောက်ပိုင်းအိုင်ယာလန်တို့၏ သဘောတူညီချက် မလိုဘဲ ခွဲထွက်ပိုင်ခွင့်ရှိသည်။

အထက်ပါ တင်ပြချက်များသည် ဖက်ဒရယ်စနစ်နှင့် ပတ်သက်ပြီး နိဒါန်းသဘောသာ ဖြစ်ကြောင်း သိစေလိုသည်။ ဖက်ဒရယ်စနစ်၏ ကောင်းခြင်း၊ ဆိုးခြင်းကို သိရှိနိုင်ရန် ဒီထက်မကပို၍ လေ့လာသင့်ကြောင်း အကြံပြုအပ်ပါသည်။ စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ရည်မှန်းချက်ဟု ဆိုနိုင်သလို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက်လည်း အဓိကအဖြေဖြစ်သည်။ လက်ရှိအစိုးရနှင့် တပ်မတော်တို့ ဦးစီးကျင်းပပြုလုပ်နေသော ၂၁ ရာစုပင်လုံညီလာခံသည်လည်း စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရေး ကြိုးပမ်းမှုဖြစ်သည်ဟု နားလည်ရသည်။

ထို့ကြောင့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကိုတည်ဆောက်ဖို့ ကြိုးပမ်းရာတွင် တိုင်းသူပြည်သား အားလုံးသည်လည်း ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု၏ အနှစ်သာရ၊ အဓိပ္ပါယ်ကို နားလည်ဖို့ လိုအပ်ပါသည်။ အထူးသဖြင့် ဖက်ဒရယ်(Federal) ဝေါဟာရသည် မြန်မာနိုင်ငံတွင် ခါတ်မတည့် (allergic) သည့် စကားလုံးတစ်လုံး ဖြစ်ခဲ့သည်။ အကြောင်းမှာ ဖက်ဒရယ်ဝေါဟာရကို ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲရေးတို့ ဖြစ်စေမည့် စနစ်ဆိုးကြီးတစ်ခုအဖြစ် ခေတ်အဆက်ဆက်တွင် ကြားသိခဲ့ရသည်မှာ အားလုံးအသိပင် ဖြစ်သည်။ ၁၉၈၈ ခုနှစ်နှောင်းပိုင်း မြန်မာ့ပညာရေးလောကတွင် နိုင်ငံရေးသိပ္ပံဘာသာရပ်အား လေ့လာသင်ယူခွင့်ကို ဆုံးရှုံးခဲ့ရသော်လည်း ယခုချိန်တွင် ၎င်းဘာသာရပ်တွေကို အတိုင်းအတာတစ်ခုထိ လွတ်လပ်စွာသင်ယူခွင့် ရရှိနေပြီ ဖြစ်သည်။ ဖက်ဒရယ်စနစ်အကြောင်းကိုလည်း လေ့လာ၍ ရနေပါပြီ။ ဤ အခွင့်အရေးကိုရယူကာ ဖက်ဒရယ်စနစ်၏ ကောင်းကြိုး၊ ဆိုးမွေများကို သိရှိအောင် လေ့လာမှသာ မည်သည့် ဖက်ဒရယ် စနစ်

စာ - ၁၅ သို့ »

**တုတ်ထိုး -** အဟွတ် အဟွတ်။
**အိုးပေါက်** - နေမကောင်းဘူးလားဗျ။

**တုတ်ထိုး** - သိပ်ပြီး ကျန်းမာရေး မကောင်းဘူး။ ဒီကြားထဲ တလောက မြန်မာဘောလုံးပွဲအသင်း အားပေးပြီး အားမလိုအားမရတွေဖြစ်၊ စိတ်ဓာတ်တွေကျ၊ စိတ်တွေညစ်။ ခေါင်းတွေလည်း ပိုပြီး ကိုက်ခဲလာတာပါပဲဗျ။ ပျော်လည်း မပျော်ဘူး။
**အိုးပေါက်** - ကျန်းမာသန်စွမ်း သက်ရှည်ပျော်ရွှင်ချင်ရင်ကျုပ်လိုနေပေါ့ဗျာ။

**တုတ်ထိုး** - ကျန်းမာ သက်ရှည်တဲ့ ဆေးနည်းတွေ ရှိတယ်ထင်တယ်။ ကျုပ်လည်း ဆေးနည်းလေး မ'စပါဦး။
**အိုးပေါက်** - ကျုပ်လို ကျန်းမာသက်ရှည်ချင်ရင် မြန်မာဘောလုံးပွဲ ဘယ်တော့မှ မကြည့်ဘူး။ ကျုပ်ဆို ဘယ်တော့မှ မကြည့်ဘူး။ ကြည့်ရင် စိတ်ဆင်းရဲရလွန်းလို့။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။ ဟို အပျိုကြီးကိုတောင် ပြောထားတာ။ ညည်းတို့ယောကျ်ားယူချင်ရင် မြန်မာဘောလုံးအသင်းနဲ့တူတဲ့ယောကျ်ားကိုရွေးယူပါလို့။ သူတို့က အနိုင်မယူတတ်ဘူးလို့။

**တုတ်ထိုး** - မြစ်ကြီးနားသတင်းဂျာနယ်က အယ်ဒီတာမကြီး မြန်မာအသင်းနဲ့တူတဲ့ယောကျ်ား ရပါစေဗျာ။
**အိုးပေါက်** - ဟွန်း။

**တုတ်ထိုး** - ပြီးတော့ မြန်မာဘောလုံးအသင်းက ခဏခဏ တောင်းပန်တတ်ကြတယ်လေ။ အနိုင်မယူတတ်တဲ့၊ တောင်းပန်တတ်တဲ့ မြန်မာဘောလုံးအသင်းနဲ့တူတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်များနဲ့ ဖူးစာ ဆုံကြပါစေကြောင်း သီတင်းမကျွတ်လိုက်ရတဲ့ မမတို့အတွက် မေတ္တာပို့သလိုက်ရပါရဲ့ဗျာ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး -** ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - ကဲပါဗျာ။ ခင်ဗျားကို သတင်းတစ်ခု ပြောစရာရှိတယ်။

**တုတ်ထိုး -** ပြောဗျာ။
**အိုးပေါက်** - နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေနဲ့ထောင်သွင်းအကျဉ်းချခံထားရတဲ့ ရိုက်တာသတင်းထောက် နှစ်ဦးရဲ့ မိသားစုတွေအတွက် ငဲ့ညှာစဉ်းစားပေးဖို့ တင်ပြတယ်တဲ့ဗျ။ အဲ့ဒီအခါမှာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဥပဒေကြောင်းအရ စဉ်းစားပေးမယ်လို့ ပြောလိုက်တယ်တဲ့ဗျို့။

**တုတ်ထိုး -** ကျုပ်လည်း ဖတ်လိုက်ရပါတယ်ဗျာ။ ထောင်ဒဏ် ခုနှစ်နှစ် ချမှတ်ခံထားရတဲ့ ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့ရဲ့ အယူခံလွှာကိုလည်း ရန်ကုန်တိုင်း တရားရုံးက လက်ခံလိုက်သတဲ့ဗျ။
**အိုးပေါက်** - အားလုံး အဆင်ပြေချောမွေ့စေချင်ပါတယ်ဗျာ။

**တုတ်ထိုး** - အဆင်မပြေဖြစ်နေတာက မူးယစ်ဆေး ဖြန့်ဖြူးကြတဲ့သူတွေကိုလက်ရဖမ်းဆီးဖို့ ကိစ္စ။
**အိုးပေါက်** - ပြည်သူလူထုက ပူးပေါင်းပါဝင်ပေးဖို့၊ အလေးထားတိုင်ကြားပေးဖို့။ အဲ့ဒီလိုတိုင်ကြားတဲ့အခါ ပြည့်ပြည့်စုံစုံနဲ့ တိုင်ကြားပေးဖို့၊ ပြီးတော့ တိုင်ကြားသူရဲ့ အချက်အလက်အားလုံးကိုလည်း လုံလုံခြုံခြုံလျှို့ဝှက်ထားပေးမယ်လို့ ပြောထားတယ် မဟုတ်လား။

**တုတ်ထိုး** - လုံခြုံတယ် ပြောထားပေမယ့် ပြည်သူတွေကတော့ စိုးရိမ်ရတာ အမှန်ပဲဗျ။ လက်ကြီးသမားတွေကို တိုင်မိတဲ့အခါ အသက်အန္တရာယ် စိုးရိမ်ရမှာပဲ။ ဒီတော့ မဖော်ထုတ်ရဲတာတွေ ရှိမှာပေါ့။ အစိုးရကိုယ်တိုင်က အာမခံပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ရမှာပဲ။
**အိုးပေါက်** - မူးယစ်ဆေးဝါးအန္တရာယ်အပြင် တချို့ဒေသတွေမှာရှိတဲ့ ငါးမန်းဂိမ်းကစားတဲ့ ငါးမန်းဒိုင်တွေကိုလည်း တားမြစ်ဖို့ လိုတယ်။

**တုတ်ထိုး** - ခင်ဗျား တိုင်မှပေါ့။
**အိုးပေါက်** - တိုင်ရဲပေါင်ဗျာ။ တော်ကြာ အိုးပေါက်ကနေ အိုးကွဲဖြစ်နေပါဦးမယ်။

**တုတ်ထိုး** - မူးယစ်ဆေးဝါးအန္တရာယ်တွေ၊ ငါးမန်းတွေရဲ့ ဘေးထွက်ဆိုးကျိုးက ဘဝတွေပျက်စီးရတာပါပဲ။ တရားဥပဒေစိုးမိုးရင်တော့ ဒါတွေ ပပျောက်မှာပါပဲ။
**အိုးပေါက်** - ဒါနဲ့ မြန်မာနိုင်ငံ EITI အစီရင်ခံစာများထုတ်ပြန်ကြေညာခြင်းနှင့် လူထုဆွေးနွေးပွဲကြီး လုပ်ခဲ့တယ်ဗျ။ အဲ့ဒီ အစီရင်ခံစာမှာ တစ်ခုတွေ့လိုက်ရတယ်။ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းတွေအနေနဲ့ ကမ်းလွန်လုပ်ကွက်တစ်ခုချင်း၊ ပြည်ပတင်ပို့မှုနဲ့ ပြည်တွင်းသုံးတဲ့ ပမာဏတွေ၊ လက်ရှိ စာချုပ် ချုပ်ထားတဲ့ လုပ်ကွက်တွေ၊ အဲဒါတွေကို စတင် ထုတ်ပြန်ကြေညာနေတယ်လို့ သိရတယ်ဗျ။ ဒါပေမဲ့ ပွင့်လင်းမြင်သာမှုနဲ့ ကုမ္ပဏီလုပ်ငန်းတွေရဲ့ စီးပွားရေး စီမံအုပ်ချုပ်မှုတွေမှာ ဒီ့ထက်ပိုကောင်းအောင် လုပ်စရာတွေ ကျန်နေသေးတဲ့အကြောင်း အစီရင်ခံစာမှာ ဖော်ပြထားသဗျ။

**တုတ်ထိုး** - ကျုပ်တို့ တိုင်းပြည်မှာ လိုအပ်နေတာတွေ အများကြီးဗျ။ စီးပွားရေးဘက်မှာလည်း ပွင့်လင်းမြင်သာမှု ရှိဖို့လိုတယ်။ တိုင်းပြည်စီမံခန့်ခွဲမှု ညံ့ဖျင်းရင် စီးပွားရေးနိမ့်ကျမှာပဲ။ အစိုးရဟာ စီးပွားရေးလုပ်ငန်းတွေကနေ ရလာတဲ့ ငွေတွေကို ပွင့်လင်းမြင်သာမှုနဲ့ ပြည်သူတွေကို ချပြရမယ်ဗျ။
**အိုးပေါက်** - နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ ကျုပ်တို့ တိုင်းပြည်ကြီးဟာ ဇွန်သဍ္ဍာတို့လောက်၊ လုလုအောင်တို့လောက်၊ သင်ဇာဝင့်ကျော်တို့လောက် ပွင့်လင်းမြင်သာမှု ရှိရင် ကျေနပ်ပါပြီဗျာ။

**တုတ်ထိုး** - ဟွန်း။ စကားအကောင်းပြောရင်း ဖောက်ဖောက်လာပြီ။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ပြီးတော့ ကျုပ်တို့ တိုင်းပြည်ကြီးမှာ လိုအပ်နေသေးတာတစ်ခုက လူမှန်၊ နေရာမှန် ရှိဖို့ပါပဲ။ သာပေါင်းညာစားသမားတွေကို ဖြုတ်ရမယ်။ ပြောင်းရမယ်။ မလုပ်- မရှုပ်- မပြုတ်တွေကို ရှင်းရမယ်။ "အနာယက" ထိုက်တဲ့သူတွေကို ရှင်းဖယ်ရမယ်။
**အိုးပေါက်** - ကျုပ် ကြားဖူးတာကတော့ "ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဉာဏ်ခြောက်ခု၊ ကြီးသူ့ဂုဏ်အင်္ဂါဆိုတဲ့ နာယခြောက်ပါးလို့ပဲ ကြားဖူးပါတယ်။

**တုတ်ထိုး** - ဆရာနန္ဒသိန်းဇံရဲ့ ဟောပြောခွေတစ်ခု နားထောင်ဖူးတယ်။ အဲဒီအကြောင်းကိုလည်း ပြီးခဲ့တဲ့ "မြန်မာပို့စ်"မှာ ကလောင်ရှင် "ကိုဒေါင်းစိန်" ရေးထားသေးတာ ဖတ်လိုက်ရတယ်။
**အိုးပေါက်** - ဘာတဲ့တုန်း။

**တုတ်ထိုး** - ဆရာနန္ဒသိန်းဇံက ဘာဟောထားသလဲဆိုတော့ လူတစ်ယောက်ဟာ လောကထဲမှာ လူဖြစ်လာရုံလောက်နဲ့ "မနုဿတ္တ ဘာဝေါ ဒုလ္လဘော" မထိုက်ဘူးတဲ့ဗျ။ "လူ့ဘဝအဓိပ္ပါယ်"နဲ့ ပတ်သက်ပြီး ပြောထားတာက လူတစ်ယောက်ဟာ လူသားအဖြစ် အသက်ရှင်ရပ်တည်ခွင့်ကာလကလေးအတွင်းမှာ ၊ အသက်နဲ့ကိုယ်မြဲနေတဲ့ကာလလေးမှာ လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာသာ "မနုဿတ္တ ဘာဝေါ ဒုလ္လဘော" လို့ ထိုက်တန်တယ်တဲ့ဗျ။
အိုးပေါက် - မှတ်သားထိုက်ပါပေတယ်။

**တုတ်ထိုး** - ပြီးတော့ တိုင်းပြည်နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခု၊ အသင်းအဖွဲ့၊ အုပ်စုတစ်ခုမှာ စီမံအုပ်ချုပ်ပြီး အကြီးအမှူးလုပ်မယ့်သူဟာ "အနာယက"ထိုက်တဲ့ ပြုမူဆောင်ရွက်ချက်တွေကို ဝေးအောင် ရှောင်ရမယ်။ အနာယက ထိုက်တဲ့ အကြောင်းတရားခြောက်ပါးရှိတယ်။ ဘာတွေလဲဆိုတော့ ကဏန်း၊ ပုတ်သင်၊ ကိုင်းပင်၊ လိပ်မျိုး၊ နွားသိုး၊ ခွေးအ တဲ့ဗျ။
အိုးပေါက် - လင်းစမ်းပါဦးဗျာ။

**တုတ်ထိုး** - ကဏန်းနဲ့တူတဲ့ လူဟာ ဘယ်အလုပ်ကိုပဲ လုပ်လုပ် လူအများနဲ့ ပေါင်းသင်းဆက်ဆံ အလုပ်လုပ်တဲ့အခါ ရှေ့ကလည်း မသွား၊ နောက်ကလည်း မလိုက်၊ ဘေးတိုက်ကန့်လန့် ပြုမူဆောင်ရွက်တတ်သတဲ့ဗျ။ ပြီးတော့ ဘယ်သူတွေ ဘာပြောပြော ကိုယ့်အထက်က လူကြီးတွေ ပြောသမျှလက်ညှိုးထောင်ခေါင်းညိတ်ပြီး ဟုတ်ကဲ့ ဟုတ်ကဲ့ လုပ်တတ်တဲ့ပုတ်သင်ညိုလိုလူဟာအနာယက ထိုက်သတဲ့ဗျ။
**အိုးပေါက် -** မှန်လိုက်လေဗျာ။

**တုတ်ထိုး** - ပြီးတော့ တာဝန်တစ်ခုထမ်းဆောင်ရာမှာကိုယ့်ရာထူး၊ ကိုယ့်နေရာနဲ့ လျော်ညီတဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုမရှိဘဲ အမြဲတမ်း ခေါင်းရှောင်ဘော်လီဘောပုတ်တတ်တဲ့ လေယူရာယိမ်းတတ်တဲ့ "ကိုင်းပင်"လိုလူမျိုး၊ ဘာအလုပ်ကိုပဲ လုပ်လုပ် သား၊ တူ၊ ညီမ၊ ကောင်းစားရေးနဲ့ ငါ့ဖို့ ငါ့ဖို့ဆိုပြီး ကိုယ့်ဘက်ကိုယ်ယက်တတ်တဲ့ လိပ်လိုလူတွေဟာလည်း "အနာယက" ထိုက်သတဲ့။
**အိုးပေါက်** - ဒီလိုလူတွေ တစ်နေ့ လိပ်ပက်လက်လန်ပါစေဗျာ။

**တုတ်ထိုး** - ပြီးတော့ ဘာအလုပ်ကိုပဲ လုပ်လုပ် ထစ်ခနဲဆို ရှူးရှူးရှားရှားနဲ့ စိတ်လိုက်မာန်ပါ ထင်ရာလုပ်တတ်တဲ့ "နွားသိုး"လို လူမျိုးတဲ့ဗျ။ နွားသိုးလို မည်းမည်းမြင်ရာ ဓေ့တတ်တဲ့၊ သတ်တတ်တဲ့လူ၊ ဘာပဲလုပ်လုပ် အုပ်စုအားကိုး၊ အာဏာအားကိုးနဲ့ လုပ်တတ်တဲ့ "ခွေးအ"နဲ့ တူတဲ့ လူဟာလည်း အနာယက ထိုက်တယ်တဲ့ဗျ။ အကြောင်းအရာ အပြည့်အစုံ သိချင်ရင်တော့ ကိုဒေါင်းစိန် ဆောင်းပါး ရှာဖတ်ပေတော့။ ဆောင်းပါးနာမည်က "ဉာဏ်အရာကို မသိလျှင် ဉာဏ်နေရာတွင် ရှိသင့် မရှိသင့်"တဲ့။
**အိုးပေါက်** - အမတ်လောင်းတွေ ပြည်သူလူထုတွေထဲ တွေ့တဲ့တစ်နေ့ သူတို့ခေါင်းတွေကို သေချာကြည့်ဦးမှပါ။

**တုတ်ထိုး -** ဘာလို့တုန်း။
**အိုးပေါက်** - လိပ်ခေါင်းဖြစ်နေသလား၊ နွားသိုးခေါင်း ဖြစ်နေလား၊ ခွေးအခေါင်း ဖြစ်နေလား၊ ပုတ်သင်ခေါင်း ဖြစ်နေလား၊ ကဏန်းခေါင်း ဖြစ်နေလား ကြည့်မလို့။

**တုတ်ထိုး** - ခေါင်းမပါဘဲ နေရာရနေရင် ဘယ်လိုလုပ်မတုန်း။
**အိုးပေါက်** - ခင်ဗျားပြောမှ အမှုကြီးတော့မယ်။

**တုတ်ထိုး -** ဆောရီး ဆောရီး လွတ်ခနဲ ပြောမိတာပါ။
**အိုးပေါက်** - ခင်ဗျားကြည့်မယ့်အမတ်က လိပ်ခေါင်း၊ ပုတ်သင်ခေါင်း၊ ခွေးအ'ခေါင်း၊ နွားသိုးခေါင်း၊ ကဏန်းခေါင်းတွေ အားလုံးပေါက်နေရင် ဘယ်လိုလုပ်မတုန်း။


**တုတ်ထိုး** - ပြတိုက်ထဲ ပို့ရင်ပို့၊ ဒါမှမဟုတ်၊ ရေခဲရိုက်ပြီး တရုတ်ပြည် ပို့လိုက်ရုံပေါ့ဗျာ။
**အိုးပေါက်** - ကိုင်း၊ နေရာရနေတဲ့လူကြီးမင်းများမိမိခေါင်းကိုမှန်ထဲမှာကြည့်ပြီးဘာခေါင်းဖြစ်နေလဲ သေချာပြန်သုံးသပ်ကြပါလေကုန်။

**တုတ်ထိုး** - ကောင်းလင့်တည်း၊ ကောင်းလင့်တည်း။



# တန်ခိုးကြီးသော ကြွက်အရေခွံ

အင်ခိုင်ဘွမ် ရေးသားသည်။




ဆရာမကြီး ယုဝတီဂျင်းဖောမယ်သည် မြန်မာနိုင်ငံ၏ ခေါင်မိုးဒေသအဖြစ် တင်စားခေါ်ဆိုကြသည့် ကချင်ပြည်နယ် မြောက်စွန်းဒေသသို့ ၁၉၆၀ နှစ်များက သွားရောက်ခဲ့သည်။ တောင်တန်းများ၊ မြစ်ဝှမ်းများကြားသို့သွားရောက်ခဲ့သည့် ခြေကျင်ခရီးစဉ်အတွင်း ရောက်ရာဒေသများတွင် ဗဟုသုတများကို ရှာမှီးခဲ့သည်။ ထိုဗဟုသုတများထဲတွင်ဒေသခံတိုင်းရင်းသားများ၏ပုံပြင်များလည်း အပါအဝင်ဖြစ်သည်။ ဆရာမကြီးသည် ခရီးသွား အတွေ့အကြုံ ဆောင်းပါးများ၊ ပုံပြင်များကို ငွေတာရီ၊ မြဝတီမဂ္ဂဇင်းများသို့ ရေးသားပေးပို့ခဲ့သည်။ ထိုအထဲတွင် တန်ခိုးကြီးသော ကြွက်အရေခွံ လီဆူပုံပြင်လေးလည်း တစ်ပုဒ်အပါအဝင် ဖြစ်သည်။

ရှေးအခါကလောင်းကစားဝါသနာထုံသော လူငယ်လေးတစ်ဦးသည် ကစားပွဲမှ ငွေအမြောက်အမြား အနိုင်ရခဲ့သည်။ ထိုငွေများဖြင့်အပျိုချောများပေါသောရွာတွင် ကခုန်ပွဲနှင့် အရက်သောက်ပွဲ ညလုံးပေါက်ကျင်းပရန် စီစဉ်ခဲ့သည်။ အချိန်ရောက်၍ ထိုရွာသို့သွားသောအခါ ရွာထိပ်ကြိုးတံတားအလယ်တွင် ဝမ်းယစ်နာလွန်းလှသဖြင့် ကြိုးတံတားပေါ်မှာပင် ကျင်ကြီးစွန့်ခဲ့လေသည်။ ထို့နောက် ရွာသို့ဝင်ရာ ပိုက်ဆံထုပ်မှာ ပါမလာခဲ့ပေ။ တံတားပေါ်တွင် အကြိမ်ကြိမ်ရှာသော်လည်း မတွေ့။ အပျိုချောများနှင့် ရွာလူကြီးများက ကတိပျက်သည့် ယောကျ်ားဟု လှောင်ပြောင်အပြစ်တင်ခဲ့ကြသည်။ လူငယ်လေးရှိုက်ကြီးတငင်ငိုကြွေးချိန်တွင် တံတားပေါ်သို့ မျက်မမြင်အဘိုးအိုတစ်ဦး တက်လာသည်။ အဘိုးအိုက တံတားအဆုံးထိ ကူညီပို့ဆောင်ပေးရန် ပြောသဖြင့် လူငယ်လေးက လိုက်ပို့ပေးခဲ့သည်။

အဘိုးအိုက "လုလင်မိုက် ကျွန်ုပ်သည် ဤချောင်းကို စောင့်သော ရေနတ်မင်းဖြစ်သည်။ မိုက်မဲလှစွာဖြင့် အသင်စွန့်ခဲ့သော ကျင်ကြီးသည် ထိုင်နေသော ကျွန်ုပ်၏ခေါင်းပေါ်သို့ ကျရောက်ခဲ့သည့်အတွက် သင်၏ ငွေအိတ်ကို ကျွန်ုပ်ယူလိုက်ခြင်း ဖြစ်သည်။ အသင်သည် မိုက်မဲသော်လည်း ကရုဏာထားကာ သူတစ်ပါးကို ကူညီတတ်သည့်အတွက် ငွေအိတ်အစား သင့်ကို ကြွက်အရေခွံတစ်ခုပေးမည်။ ကြွက်အရေခွံခြုံ၍ ဘုရင့်ငွေတိုက်မှ လိုသလောက်ငွေယူ၍ မြေကျင်းတူးပြီးမြှုပ်ပါ။ ပြီးလျှင် ကြွက်အရေခွံကိုခွာ၍ ဤနေရာသို့ ပြန်လည်ပို့ထားရမည်"ဟု ဆိုခဲ့သည်။ လူငယ်လေးလည်း ကြွက်အရေခွံကို ခြုံ၍ ကြွက်အယောင်ဆောင်ကာ ဘုရင့်ငွေတိုက်များ အဖိုးတန်ပစ္စည်းများကို အခေါက်ခေါက်အခါခါ သယ်ယူခဲ့၍ မြေတွင်းတွင် မြှုပ်နှံသည်။ အဘိုးအိုထံသို့ ကြွက်အရေခွံကို ပြန်မပေးခဲ့ပေ။

ထို့နောက်ယင်ဖိုပင်မသန်းစေရဟု အမိန့်ထုတ်ထားသော ဘုရင့်သမီးတော်လေး၏ပင်တိုင်မြနန်းသို့ ကြွက်ယောင်ဆောင်၍တက်သည်။ ထို့နောက် လူ့အသွင်ဖြင့် ချစ်ကြိုးသွယ်ခဲ့လေတော့သည်။ ရက်၊ လများကြာသော် ဘုရင့်သမီးတော်လေးမှာ ကိုယ်ဝန်ရခဲ့သည်။ ဘုရင်ကြီးလည်း အကြောင်းစုံကိုသိရ၍ သမီးတော်ကို ကြွက်အရေခွံကို အရယူစေကာ လူငယ်လေးကို အမိဖမ်းခဲ့လေသည်။ ဘုရင်ကြီးက "ဟယ်. . အယုတ်တမာ၊ လူလည်းမမည် ကြွက်လည်းမဟုတ်သော လူ့တိရစ္ဆာန် အသင်ဘာ့ကြောင့် ကျွန်ုပ်လက်မှ ကြွက်ယောင်ဖန်ဆင်း၍ မပြေးပါသနည်း။ ပြေးလေ့"ဟု လှောင်ပြောင်လေသည်။ လူငယ်လေးလည်း ကြွက်အရေခွံကိုယူ၍ ကြွက်အသွင်ဖြင့် ပင်တိုင်ဆောင်မှထွက်ပြေး၍ ဥယျာဉ်ထဲတွင် ကြောက်လန့်စွာပုန်းလေသည်။ ထိုအခိုက် ကျီးတစ်ကောင်က ကြွက်အယောင်ဆောင်ထားသော လူငယ်လေးကိုချီ၍ ကြိမ်ကြိုးတံတားသို့ သွားလေသည်။ ကျီးသည်မျက်မမြင်အဖိုးအိုအဖြစ် ပြောင်းသွားပြီး "ဟယ်-လောဘကြီး၍ ကတိမတည်သော လုလင်။ သင်၏ကတိမတည်မှုကြောင့် ဒုက္ခဆင်းရဲခြင်းမျိုးကို ခံစားရပေသည်။ ကျွန်ုပ်ကို ကူညီခဲ့ဖူးသည့်အတွက် သင့်ကို ဒုတိယကြိမ်မြောက် ခွင့်လွှတ်ပါဦးမည်။ သင် ခိုးဝှက်ထားသော ငွေနှင့် ဘုရင်၏ငွေ မည်သည့်ငွေကပိုများကြောင်း သွားရောက်ပြိုင်လျှင် သင် မုချအနိုင်ရ၍ သင်၏ချစ်သူနှင့် ပြန်လည်ပေါင်းဆုံရလိမ့်မည်။ သို့သော် ဤ ကြွက်အရေခွံကိုကား ကျွန်ုပ်ပြန်၍ ယူရပေလိမ့်မည်" ဟုဆိုကာ ကွယ်ပျောက်သွားလေသည်။ လူငယ်လေးလည်း ထိုရွာထိပ်တွင်ပင် လှပကြီးမားသော သစ်လုံးအိမ်ကြီးကို ဆောက်လိုက်သည်။ ထို့နောက် ဘုရင်ကြီးကို ချမ်းသာကြွယ်ဝမှုချင်း စိန်ခေါ်လေတော့သည်။ ဘုရင်ကြီးလည်း ဒေါသူပုန်ထကာ မိမိရှုံးလျှင် သမီးတော်ကိုပေးမည်၊ မိမိနိုင်လျှင် အသင်၏ဦးခေါင်းကို ဖြတ်ယူမည်ဟုဆိုကာ စိန်ခေါ်မှုကို လက်ခံခဲ့လေသည်။ ပြိုင်ပွဲနေ့တွင်ဘုရင်ကြီးသည်သူ၏ဘဏ္ဍာတိုက်များကိုဖွင့်၍ ပြိုင်သည်။ ဘဏ္ဍာတိုက်ထဲမှ ငွေများသာ ကုန်သွားသော်လည်း ကြွက်တွင်းထဲမှငွေများမှာ မကုန်နိုင်အောင် ရှိခဲ့သည်။ လူငယ်လေးလည်း အနိုင်ရရှိကာ ချစ်သူ ပင်တိုင်စံမင်းသမီးလေးနှင့်အတူ သစ်လုံးအိမ်ကြီးသို့ ပျော်ရွှင်စွာ ပြန်သွားကြလေတော့သည်။ ထိုပုံပြင်ကို သာဓကပြု၍ လီဆူလူမျိုးများသည် လောင်းကစားပြုခြင်းနှင့် ကတိပျက်ကွက်ခြင်းတို့ကို ရှောင်ကြဉ်ခဲ့ကြသည်ဟု အဆိုရှိလေသည်။

**ရည်ညွှန်း - ငွေတာရီမဂ္ဂဇင်းပါဆရာမကြီး ယုဝတီဂျင်းဖောမယ်၏ ပုံပြင်**

# ပြည်နယ်အစိုးရ နယ်/လုံ ဝန်ကြီးသစ် တာဝန်လွှဲပြောင်းလက်ခံ

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၉


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းနှင့်ပြည်နယ်လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ် ၃၀ ဦးကို အစားထိုး ပြောင်းလဲခဲ့ရာ ကချင်ပြည်နယ်အစိုးရကလည်း နိုဝင်ဘာလ ၂၈ ရက်နေ့က ပြုလုပ်သည့် ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်အစား ဗိုလ်မှူးကြီး နေလင်းထွန်းကို အစားထိုးခဲ့သည်။

ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကြည်း-၂၀၀၈၁ ဗိုလ်မှူးကြီး သူရမျိုးတင်ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အခြားတာဝန်များ ပေးအပ်ရန်ရှိသဖြင့် ယင်းနေရာတွင် ကြည်း-၂၃၇၄၂ ဗိုလ်မှူးကြီး နေလင်းထွန်းအား ခန့်အပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဆ) အရ ကချင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအဖြစ်ခန့်အပ်ရန် အမည်စာရင်း တင်သွင်းခဲ့ရာမှ ပြည်နယ်လွှတ်တော်က ကန့်ကွက်ခြင်းမရှိဘဲ လွှဲပြောင်းတာဝန်ယူခဲ့သည်။

၂၀၁၅ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်မှ အမည်တင်သွင်းထားသည့် တိုင်းဒေသကြီးလွှတ် တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၃၀ ဦးအပြင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၈ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရှစ်ဦးတို့ကိုလည်း ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အစားထိုး ပြောင်းလဲခဲ့ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)



# မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုလမ်းတွင် ကားလမ်းကို ဖြတ်ဖောက်သည့် ရေထုတ်ပြွန်အရည်အသွေး မပြည့်မီခြင်းကြောင့် ပြိုကျအက်ကွဲနေဟုဆို

နိုဝင်ဘာ ၃၀

မန်းပြည်တံခွန် ကုမ္ပဏီ တာဝန်ယူဖောက်လုပ်ခဲ့သည့် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းမှ လမ်းကိုဖြတ်ဖောက်ထားသော ရေထုတ်ပြွန် (Box Culvert) အရည်အသွေး မပြည့်မီခြင်းကြောင့် ပြိုကျအက်ကွဲမှုများ ဖြစ်ပေါ်နေခြင်းကို အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိမရှိ ပြည်နယ်လွှတ်တော်အမတ် (ဆွမ်ပရာဘွမ်)က မေးခွန်း မေးမြန်းခဲ့သည်။

နိုဝင်ဘာလ ၃၀ ရက်နေ့က ပြုလုပ်သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(တတိယနေ့)တွင် ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲက "ပြည်ထောင်စုလမ်းမဖြစ်သော ပူတာအိုခရိုင်နှင့် မြစ်ကြီးနားခရိုင်ချင်းဆက်လမ်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို Box Culvert ကို မန်းပြည်တံခွန်ကုမ္ပဏီမှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် Box Culvert များသည် အရည်အသွေး မပြည့်မီသောကြောင့် ကွဲအက်ပြိုကျ၊ ပျက်စီးခြင်းများ ဖြစ်နေပါသဖြင့် အစိုးရမှ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း"ကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ခြင်း ဖြစ်သည်။



ယင်းမေးခွန်းကို လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးကိုယ်စား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြသိန်းမှ အထက်ပါလုပ်ငန်းများသည် ကုမ္ပဏီကို လုပ်ငန်းတင်ဒါစနစ်ဖြင့် စာချုပ်ချုပ်၊ အပ်နှံခဲ့သည့် လုပ်ငန်းများဖြစ်ပြီး စာချုပ်ပါစည်းကမ်းတွင်လည်း ငါးနှစ်အတွင်း ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါက တာဝန်ယူ ဆောက်လုပ်သည့် ကုမ္ပဏီမှ မိမိတို့ငွေဖြင့် စိုက်ထုတ်ပြုပြင်ရမည်ဟု ပါရှိကြောင်း၊ မိုးတွင်းအခါ၌ ရေတိုက်စား၍ ပျက်စီးခဲ့သည်များကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖြေကြားပေးခဲ့သည်။

အထက်ပါကိစ္စနှင့် ပတ်သက်ပြီး ပြည်သူလူထုမှ တင်ပြလာကြောင်း၊ စံချိန်စံညွှန်းနှင့် မလုပ်ဆောင်သောကြောင့် ပျက်စီးရခြင်း ဖြစ်ရကြောင်း ပြည်သူလူထုကိုယ်စားထောက်ပြပြောဆိုခဲ့သည်ဟု ဦးဇော်ဒွဲက ပြောသည်။

"ဖြစ်လေ့ဖြစ်ထရှိတဲ့ပုံစံမျိုး ဖြေကြားပေးသွားတာ ကျွန်တော် သဘောမကျပါဘူး။ ဘာလို့လဲဆိုတော့ လုပ်ပြီဆိုရင် တစ်ခါတည်း ကျကျနနခိုင်ခိုင်ခံ့ခံ့လုပ်မယ်ဆို ပိုကောင်းတယ်။ ပြည်သူလူထုတွေ အရမ်းပြောလွန်းလို့ လွှတ်တော်မှာ တင်ပြလာရခြင်း ဖြစ်ပါတယ်။ တကယ်တမ်းလုပ်မယ့် နေရာမှာတော့ မလုပ်ဘဲနဲ့ ကုန်းပေါ်မှာလုပ်ထားပါတယ်။ စံချိန်စံညွှန်းနဲ့ အညီ စာချုပ်ပါတိုင်း မလုပ်ဘူးဆိုတာ ပြည်သူလူထုတွေ ပြောလွန်းလို့သာ လွှတ်တော်သို့ တင်ပြလာခြင်းဖြစ်ပါတယ်"ဟုလည်း ဦးဇော်ဒွဲက ပြန်လည်ရှင်းပြသည်။

ဦးဇော်ဒွဲ ထောက်ပြပြောဆိုမှုနှင့် ပတ်သက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြသိန်းက "နိုင်ငံဘဏ္ဍာငွေတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မဲဆန္ဒနယ်မှာ လိုအပ်ချက်များကို အကောင်အထည်ဖော်တဲ့ နေရာမှာ ကျွန်တော်တို့ငွေလည်း ချပေးလိုက်တယ်။ ကုမ္ပဏီတွေကလည်း အလုပ်ပေးပါပေးပါဆိုပြီး တောင်းကြတော့ မပေးရင်တစ်မျိုး ဖြစ်ပါတယ်။ ပေးလိုက်တဲ့အခါမှာလည်း အလေးနက်ထားပြီး မဆောင်ရွက်ကြတာတွေကို တွေ့ရပါတယ်။ ဒီလိုကိစ္စတွေဟာ မြေပြင်မှာ တကယ်ဖြစ်နေတာနဲ့ ဖြေကြားချက်နဲ့ မကိုက်ဘူးဆိုရင်လည်း ဒီကုမ္ပဏီများကို ပြန်လည်တည်ဆောက်ခိုင်းခြင်း အရေးယူခြင်းများ လုပ်ဆောင်နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးနဲ့ ညှိနှိုင်းပြီးမှ ဆောင်ရွက်ပေးပါလို့ ကျွန်တော်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးကိုယ်စား ဆွေးနွေးတင်ပြအပ်ပါတယ်" ဟု ပြန်လည်ပြောဆိုခဲ့သည်။

အစိုးရသစ် တက်လာပြီးနောက်ပိုင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းအားပြုပြင်ပေးခဲ့ရာ ယခုအခါတွင် နေ့ချင်းပေါက်ခရီး သွားလာနိုင်ပြီ ဖြစ်သည်။

စည်သူ(မြစ်ကြီးနား)

# ချီဖွေစစ်ရှောင်စခန်းတွင် ကျရောက်သော လက်နက်ကြီးကျည်ဆံကို အမြန်ဆုံး ဖယ်ရှားပေးစေလို

ခချီဖွေစစ်ရှောင်စခန်းတွင် ကျရောက်သော လက်နက်ကြီးကျည်ဆံကို အမြန်ဆုံးဖယ်ရှားပေးစေလို

ချီဖွေမြို့ပေါ်ရှိ စစ်ဘေးဒုက္ခသည်စခန်း (စခန်း-၁)တွင် လက်နက်ကြီးတစ်လုံး ကျခဲ့ခြင်းကြောင့် စစ်ရှောင်ပြည်သူများစိုးရိမ်နေရပြီးယင်း လက်နက်ကြီးကျည်ဆံကို အမြန်ဆုံး ဖယ်ရှားပေးစေလိုကြောင်း စစ်ရှောင်စခန်းမှ တာဝန်ရှိသူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။




"မြေကြီးမှာ အဲဒီလက်နက်ကြီးက မြုပ်နေတယ်ဆိုတော့ ဘယ်အချိန်ဘယ်အခါမှာများ ပေါက်ထွက်လာမလဲပေါ့ အရမ်းစိုးရိမ်နေကြရတယ်"ဟု စစ်ရှောင်စခန်းမှ တာဝန်ရှိသူ ဒေါ်ဇေညွယ်က ပြောသည်။

လက်နက်ကြီးကျည်ဆံသည် နိုဝင်ဘာလ ၂၅ ရက် ည ၉ နာရီချိန်ခန့်က စခန်းအတွင်းရှိ ဦးမိနော့ဇေလွမ်း နေအိမ်ခေါင်မိုးပေါ်တွင် ကျခဲ့ခြင်းကြောင့် အိမ်ခေါင်မိုး ပေါက်ပြဲခြင်းနှင့် လျှပ်စစ်မီတာဘောက်များလည်း ပျက်စီးခဲ့သည်။

လက်နက်ကြီးကျသည့်နောက်တစ်နေ့တွင် အစိုးရတာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့သော်လည်း မိမိတို့၏ လက်နက်ပစ္စည်းမဟုတ်ကြောင်း ပြောဆိုခဲ့သည်ဟု ဒေါ်ဇေညွယ်က ပြောသည်။

"ဒီလက်နက်က သူတို့ဟာမဟုတ်ဘူး။ မထုတ်ရဲဘူးဆိုပြီးမှ ဆားအထုတ်ကြီးတစ်ထုတ်ကို ထည့်ထားပေးခဲ့တယ်"ဟု စခန်းတာဝန်ရှိသူ ဒေါ်ဇေညွယ်က ပြောသည်။

ယင်းစခန်းသည် ဘုရားကျောင်းဝင်းအနီးရှိ မြစ်ကမ်းနံဘေးတွင် သီးသန့်အခန်း ၂၀ အဆောင် တည်ဆောက်ပေးထားခြင်းဖြစ်သည်။

"စခန်းအတွင်းမှာ ကျကျန်နေတဲ့အဲဒီဗုံးအလုံးကြီးကအဲဒီမြေကြီးအထဲမှာ မရှိနေရင်၊ ထုတ်ပေးလိုက်ရင် ရပြီ။ စိတ်ချမ်းသာပြီ။ အဲဒီမြေကြီးပေါ်မှာကျနေတဲ့ အဲဒီဗုံးကြီးကို လာထုတ်ပေးလိုက်ရင်တော့ အိပ်လို့ပျော်ပြီ၊ စားလို့လည်း ဝင်ပြီ။ အခုက ရင်တထိတ်ထိတ်နဲ့နေနေရတယ်" ဟု စစ်ရှောင်စခန်းမှ တာဝန်ရှိသူဒေါ်ဇေညွယ်ကပြောသည်။

ချီဖွေမြို့တွင် ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ တွင် တစ်ကြိမ် လက်နက်ကြီးကျရောက် ပေါက်ကွဲခဲ့ဖူးသည်။

လဖိုင်လု

# အမျိုးသမီးများအပေါ် အကြမ်းဖ

**ဒေါ်နန်နု**

ဒါရိုက်တာ၊ ထွယ်ဂျဲန်ဒါ၊ ကျားမတန်းတူညီမျှရေးအဖွဲ့၊ မြစ်ကြီးနား။



မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောရမယ်ဆိုရင် အမျိုးသမီးတွေ အကြမ်းဖက်မှုခံရမှုကို ထိထိရောက်ရောက် ကာကွယ်တားဆီးမှု အများကြီး လိုအပ်နေသေးတယ်ဆိုတာ တွေ့ရတယ်။ အကြမ်းဖက်ခံရမှုဆိုရင် ဒီ လိင်ပိုင်းဆိုင်ရာပဲ ဖြစ်ဖြစ်၊ ကိုယ်ထိလက်ရောက်ပဲ ဖြစ်ဖြစ်၊ စိတ်ပိုင်းဆိုင်ရာပဲ ဖြစ်ဖြစ် အကြမ်းဖက်ခံရလို့ရှိရင် တရားရင်ဆိုင်တဲ့အခါ ဒီလို ခိုင်ခိုင်မာမာ ကာကွယ်ထားတဲ့ ဥပဒေတွေလည်းမရှိဘူး။ တရားမျှတမှုတွေ ရရှိမှုလည်း နည်းပါးနေသေးတယ်ဆိုတာ တွေ့ရတယ်။ တရားဥပဒေတွေလည်း ပြင်ဆင်မှု လိုအပ်နေသေးတယ်ဆိုတာ တွေ့ရတယ်။ တရားမျှတမှုမရတဲ့ အခါကျတော့ ကျူးလွန်တဲ့သူတွေကလည်း ထပ်ထပ်ပြီး ကျူးလွန်ကြတယ်။ ပြီးတော့ ကျူးလွန်ခံရတဲ့ သူတွေကိုလည်း သူတို့အတွက် ပြန်လည်ထူထောင်ရေး ဖြစ်ဖြစ်၊ ကျန်းမာရေးပဲဖြစ်ဖြစ်၊ တရားမျှတမှုရအောင် လုပ်တဲ့အခါမှာလည်းပဲ ဥပဒေအထောက်အပံ့တွေက လက်လှမ်းမမီနိုင်သေးဘူး။ ပြီးတော့ အထူးသဖြင့် ကချင်ပြည်နယ်မှာ ဆိုင်ရင် တိုင်းရင်းသူအမျိုးသမီးတွေပေါ့ ရှမ်းတို့၊ ကချင်တို့ ရွာမှာရှိတဲ့ အမျိုးသမီးတွေ အကြမ်းဖက်ခံရလို့ရှိရင် တရားမျှမှုမရှိဘူးဆိုတာ တွေ့ရတယ်။ အကြမ်းဖက်ခံရလို့ရှိရင် သူတို့ရဲ့ဆွေမျိုးတွေ နည်းနည်းက ပညာတတ်ဖြစ်ပြီးမှ နည်းနည်း ခပ်ကျော်ကျော် ဖြစ်တဲ့အခါကျမှ ဥပမာ မုဒိမ်းကျင့်ခံရတယ်ဆိုလို့ရှိရင် သူတို့ရဲ့ အစ်မတွေ၊ အဒေါ်တွေ နည်းနည်းသွက်သွက်လက်လက်ရှိမှ ရိုးရာလူကြီးတွေဆီ ရောက်သွားပြီးမှ ဖြေရှင်းပေးခံရတယ်။ ရဲစခန်း၊ တရားရုံးသွားပြီး တရားရင်ဆိုင်တဲ့ အမှုတွေက တော်တော်နည်းတယ်။ အဲ့ဒီလိုသွားပြီး တရားရင်ဆိုင်တဲ့အခါမှာ ဒီရှေ့နေတွေနဲ့ အခြားသူတွေရဲ့ မေးမြန်းမှုတွေကို ခဏခဏ ဖြေနေရတဲ့ အခါကျတော့ နောက်ပိုင်းအကြမ်းဖက်ခံရတဲ့ သားကောင်တွေဟာ ရဲစခန်းသွားတာတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသွားတာတွေ မလုပ်တော့ဘဲနဲ့ သူတို့ဟာသူတို့ပဲ ရေငုံနှုတ်ပိတ်ပြီးမှ သည်းခံပြီးနေကြတယ်။ သူတို့ဟာ သူတို့ပဲကြည့်ပြီး ဖြေရှင်းလိုက်တာပေါ့နော်။ တချို့ ကိစ္စရပ်တွေမှာ ဆိုရင်လည်း ကချင်ရိုးရာနဲ့ ဖြေရှင်းတဲ့ အမှုတွေလည်း ရှိတယ်။ ဖြေရှင်းတဲ့ သူတွေကလည်း အမျိုးသားတွေပဲဆိုတဲ့ အခါကျတော့ အမျိုးသားစိတ်ဓာတ်နဲ့၊ မျက်လုံးနဲ့၊ နားလည်ပေးနိုင်မှုနဲ့ အမျိုးသမီးတွေရဲ့ နားလည်ပေးနိုင်မှု အခြေအနေက မတူဘူးလေ။ အဲ့ဒီအခါကျတော့ တခါတလေကျရင် ပိုက်ဆံသုံး၊ လေး၊ ငါးသောင်း၊ တစ်သိန်းနဲ့ ဆန်၊ ဆိတ်ဘယ်နှစ်ကောင် ဆိုတဲ့ဟာနဲ့ပဲ ပြီးသွားတဲ့အခါကျတော့ အကယ်၍ ကျူးလွန်သူက အများကြီးပေးနိုင်တဲ့ ယောကျ်ားက အများကြီး ကျူးလွန်လို့ရတယ်ဆိုတဲ့ သဘောဖြစ်နေတယ်။ အဲ့ဒီလို ပေါ့ပေါ့ဆဆနဲ့ပဲ သူ့ကို ပြစ်ဒဏ်ပေးမယ်ဆိုလို့ရှိရင် တခြားအမျိုးသားတွေလည်း ဆက်ပြီးကျူးလွန်ဖို့ အခြေအနေရှိနေတယ်။ ကျူးလွန်သူကို ပြင်းထန်စွာ အရေးယူမှုမရှိတဲ့အခါ၊ အဲ့ဒီလို ကျူးလွန်သူတွေဟာ ပိုပိုပြီးများလာတာကို တွေ့ရတယ်။ တချို့ တရားစီရင်မှုမှာ သက်ငယ်မုဒိန်းမှုက ထောင်ဒဏ် ၁၀ နှစ်ဆိုရင် တချို့တရားသူကြီးတွေက သက်ငယ်မုဒမ်းမှုမြောက်ပေမယ့် ကလေးကိုယ်တိုင်ကလည်း မုဒိမ်းမှုမြောက်ကြောင်း ထွက်ဆိုပေမယ့်။ တချို့အမှုတွေက အဂတိလိုက်စားမှု၊ အကျင့်ပျက်ချစားမှုတွေ ရှိနေသလားဆိုတာ ဘယ်သူမှ မသိဘူး။ ထောင်ဒဏ် အနှစ် ၂၀ မချဘဲနဲ့ ၁၀နှစ်တို့ ချတဲ့ဟာလည်း ရှိတယ်။ ဆယ်နှစ် ထောင်ချဖို့ကို လျှော့ရက်နဲ့ဆိုရင် ၆ နှစ် လောက်နဲ့ ထွက်လာမယ့် အခြေအနေရှိတယ်။ အဲ့ဒီအခါကျတော့ ထောင်ကနေ ထွက်လာလို့ရှိရင် ကလေးကို မုဒိမ်းကောင်က ပြန်ပြီး ခြိမ်းခြောက်တဲ့အခါကျတော့ ကလေးအတွက်လည်းပဲ လုံခြုံမှုမရှိဘူး။ တရားစီရင်ရေးနဲ့ အမျိုးသမီးတွေကို ကာကွယ်တဲ့ ဥပဒေတွေ အများကြီး ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့ လိုအပ်နေသေးတယ်ဆိုတာ တွေ့ရတယ်။

**ဒေါ်နန်အောင်**



အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေအတွက် ထိရောက်တဲ့ ဥပဒေ၊ မူဝါဒရေးဆွဲဖို့ အရေးကြီးတယ်။ အမျိုးသမီးတွေရဲ့ ဘဝကို လုံခြုံမှုပေးနိုင်တဲ့ မူဝါဒကို အစိုးရကနေ တာဝန်ယူရေးဆွဲရမယ်လို့ မြင်တယ်။ အဲ့ဒီအခါကမှ ခိုင်လုံတဲ့ မူဝါဒကို ချမှတ်ထားမှပဲ ဒီလိုမျိုးအကြမ်းဖက်မှုတွေလည်း လျော့လာမယ်။ ပပျောက်လာမယ်လို့ မြင်ပါတယ်။ ပထမဦးဆုံးက မူဝါဒကို ရေးဆွဲရမယ်။ ပြီးတော့ အခုအချိန်မှာက အကြမ်းဖက်မှုတွေ အရမ်းများတယ်။ အိမ်တွင်း အကြမ်းဖက်မှုတွေလည်း အများကြီးရှိတယ်။ တရားဝင်လင်မယားဖြစ်တဲ့ အတွက် ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ ဒီအကြမ်းဖက်မှုကို ကိုယ့်ရဲ့ လက်ထပ်ထားတဲ့ ယောကျ်ားဖြစ်တဲ့ အတွက် အရမ်းကြီးလည်း တရားဥပဒေနဲ့ ရင်ဆိုင်ဖို့ကြတော့လည်း မတိုင်ရဲတာတို့ အရမ်းများတာကို တွေ့ရတယ်။ အဲ့ဒီလိုမျိုး အမျိုးသမီးတွေ များတဲ့အတွက်ကြောင့် ယောကျ်ားတွေလည်း အကြမ်းဖက်မှုကို ရောဂါလို ဖြစ်နေပြီ။ သူတို့က အိမ်တွင်းအကြမ်းဖက်မှုဆိုတာကို လွယ်လွယ်နဲ့ လုပ်ကြတယ်။ ကျင့်သား ဖြစ်နေကြပြီ။ ဒီမိသားစု အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပြီဆိုရင် အခြားမိသားစုလည်း ဖြစ်မယ်။ သူ့ရဲ့ဥပဒေ၊ မူဝါဒအတိုင်း မရင်ဆိုင်တဲ့အတွက် ရောဂါလိုမျိုး ကူးစက်ပြီး ဖြစ်နေတယ်။ အဲ့ဒါကတော့ ကျွန်မတို့နိုင်ငံမှာ ဖြစ်နေတဲ့ဟာလို့ မြင်မိပါတယ်။ ထိရောက်တဲ့ ဥပဒေ၊ မူဝါဒတွေကို ရေးဆွဲခိုင်းစေချင်ပါတယ်။



**မဆွတ်ဆိုင်းထွယ်**

အမျိုးသမီး အကြမ်းဖက်မှုတစ်ခုလို့ ပြောတဲ့အချိန်မှာ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးသာမက လူမျိုးအသီးသီးရဲ့ လူ့အသိုင်းအဝိုင်းပေါ့နော်။ ကချင်ဆိုလို့ရှိရင်လည်း ကချင် Society မှာ စိတ်ပိုင်းဆိုင်ရာအရရော၊ ရုပ်ပိုင်းဆိုင်ရာအရရော အကြမ်းဖက်မှုက အဆင့်ဆင့် ခံနေရတယ်။ အမျိုးသမီးတွေကို အကြမ်းဖက်မှုကနေ ကာကွယ်ပေးတဲ့ မူဝါဒတွေ၊ ဥပဒေတွေ ရှိဖို့လိုတယ်။ ဒီလို ဥပဒေတွေ ရှိတဲ့အချိန်ကျမှ ဒီအကြမ်းဖက်မှုတွေက တဖြည်းဖြည်းနဲ့ ရပ်တန့်လာနိုင်မယ့် အနေအထားတစ်ခု ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့၊ ဖြစ်နေတဲ့ပြဿနာပေါ်မှာပဲ လိုက်လံဖြေရှင်းနေတာထက်စာရင်တော့ နိုင်ငံတော်အစိုးရကနေ ထိရောက်တဲ့ ဥပဒေ၊ အမျိုးသမီးတွေကို လုံခြုံမှုပေးတဲ့ ဥပဒေကို ထိထိရောက်ရောက် ပြဋ္ဌာန်းပေးဖို့လိုတယ်။ ဒီလို ပြဋ္ဌာန်းပေးတဲ့ အချိန်ကျမှ တစ်ဘက်မှာလည်းလျော့သွားမှာ ဖြစ်တယ်။ အဲ့ဒါကြောင့် အစိုးရကိုလည်း ထိရောက်တဲ့ ဥပဒေတစ်ခု ပြဋ္ဌာန်းပေးဖို့ လူငယ်အမျိုးသမီးတစ်ယောက်အနေနဲ့ တောင်းဆိုချင်တယ်။

# ...က်မှု ပပျောက်ရေး ပြည်သူ့အသံ

Benadeth မေးမြန်းသည်။




**မောင်ဖုန်ဆန်အောင်**

မြန်မာနိုင်ငံရဲ့ အမျိုးသမီးအကြမ်းဖက်ခံရတာကတော့ တော်တော်ဆိုးတယ်လို့ ပြောရမယ်။ အစိုးရအနေနဲ့ ဥပဒေနဲ့ ပတ်သက်ပြီးတော့ ထိရောက်တဲ့ အကောင်အထည်ဖော်ပေးဖို့ တောင်းဆိုချင်တယ်။ အဲ့ဒါနဲ့ တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံသူ/သား အကြီးပိုင်းအားလုံးမှာ ကိန်းအောင်းနေတဲ့ မိန်းကလေးဆိုတာ တစ်ဆင့်နိမ့်သလိုမျိုး ထင်နေတဲ့စိတ်ကို လူကြီးတွေကို ပြောလို့တော့ အဆင်မပြေပေမယ့်၊ ရေရှည် ရည်မှန်းချက်အနေနဲ့ ကလေးတွေကနေပြီးတော့ သွန်သင်ပေးတာမျိုး လုပ်ပေးတာမျိုး လုပ်ခိုင်းစေချင်တယ်။ ပြီးတော့ ယောကျ်ားလေးအနေနဲ့လည်း ကျူးလွန်တာသေချာတယ်။ ယောကျ်ားလေး အနေနဲ့လည်း မိန်းကလေးတွေကို တန်ဖိုးထားခိုင်းစေချင်တယ်။ တန်ဖိုးထားတတ်ဖို့ တိုက်တွန်းချင်ပါတယ်။ အမျိုးသမီးတွေ အပေါ် အကြမ်းဖက်မှုဆိုင်ရာကာကွယ်မှု ထိရောက်တဲ့ ဥပဒေကို ကျွန်တော် လူငယ်တစ်ယောက်အနေနဲ့ အကောင်အထည် ဖော်ခိုင်းစေချင်ပါတယ်။



**ဦးမောင်မောင်**

အမျိုးသမီးတွေ သီးခြားပေါ့နော်. . . အမျိုးသမီးများကို အကြမ်းဖက်မှုကာကွယ်ရေးဥပဒေတွေကိုလည်း လွှတ်တော်မှာ တင်ထားတုန်းပဲ ရှိသေးတယ်ပေါ့နော်။ မထွက်လာသေးဘူး။ အမျိုးသမီးနဲ့ ပတ်သက်တဲ့အကြမ်းဖက်မှုတွေက ဘယ်လိုတွေ အများဆုံး ဖြစ်နေလဲဆိုရင် သက်ငယ်မုဒိန်းတွေရှိတာပေါ့။ နောက်ပြီး အိမ်တွင်းအကြမ်းဖက်မှုတွေ ရှိတာပေါ့။ အမျိုးသမီးကို ယူထားပြီး ကောင်းကောင်း မကျွေးမွေးဘူး၊ ပစ်ထားတယ်ပေါ့နော်။ တချို့ဆိုရင် ကာမလိမ်လည်မှုပေါ့နော်။ ချစ်တယ်၊ ကြိုက်တယ်၊ လက်မထပ်ဘဲနဲ့ ရှောင်သွားတဲ့ အမှုတွေ များတယ်။ အိမ်ထောင်ရေးပြစ်မှုတွေ များတာပေါ့။ အဲ့ဒီမှာ ကျွန်တော်တို့ အဖွဲ့တွေလည်း ဥပဒေကြမ်း ရေးဆွဲတဲ့အထဲမှာ ပါတယ်လေ။ သူတို့ကလည်း ဒီ အမျိုးသမီးအခွင့်ရေးနဲ့ ပတ်သက်တဲ့ ရသင့်ရထိုက်တဲ့ဟာကို ဥပဒေမှာ ထည့်သွင်းပေးဖို့ တောင်းဆိုထားပြီးသားပါ။

---

# တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီ SPIC က အောင်မြင်သာ စံပြကျေးရွာအတွက် အလှူငွေဆက်လက်လှူဒါန်း

နိုဝင်ဘာ ၃၀

မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာရှိ ကက်သလစ်ဘုရားရှိခိုးကျောင်းတွင် နိုဝင်ဘာ ၃၀ ရက်နေ့က ကျင်းပသော ကောက်သစ်စားကျေးဇူးတော်ချီးမွမ်းပွဲတွင် တရုတ်ရေအားလျှပ်စစ် ကုမ္ပဏီ SPIC က အလှူငွေ ကျပ် ၂၅ သိန်းကိုလှူဒါန်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

"သူတို့က ကျွန်တော်တို့ကို အလှူပေးပြီး ချဉ်းကပ်လာတယ်။ ကျွန်တော်တို့ကလည်း ကျေးဇူးတော်ချီးမွမ်းပွဲဆိုတော့ ဘယ်သူတွေပဲထည့်ထည့် အလှူငွေဆိုတော့ လက်မခံလို့ မကောင်းဘူးလေ။ သူတို့ဘက်က အလုပ်ကိစ္စနဲ့ပတ်သက်ပြီး လာကူညီတာမျိုးဆိုရင်တော့ လက်ခံမှာမဟုတ်ဘူး"ဟု ဦးလတောင်က ပြောသည်။




ယခုလအတွင်း၌ အောင်မြင်သာစံပြကျေးရွာ ဘုန်းကြီးကျောင်းတွင်လည်း လိုအပ်ချက်များကို မေးမြန်းကာ သိန်း ၅၀ လှူဒါန်းသွားကြောင်း အောင်မြင်သာ ကျောင်းတိုက်ဆရာတော်မှ ပြောသည်။

"သူတို့ကလာပြီးမေးတယ်။ ကျောင်းမှာ ဘာတွေလိုလဲ ဆိုတာ၊ ဦးပဉ္စင်းကလည်း ကျောင်းမှာ ညဆို ကျွဲတွေ၊ နွားတွေ အရမ်းဝင်တယ်။ အဲ့ဒါကြောင့် ခြံဝင်းကာဖို့လိုတယ်လို့ ပြောလိုက်တာ သိန်း ၅၀ လာလှူသွားတယ်"ဟု ဆရာတော်က ပြောသည်။

မြစ်ဆုံရေကာတာစီမံကိန်းကို ဆက်လက်တည်ဆောက်အကောင်ထည်ဖော်မည်ဆိုလျှင် ကောင်းကျိုးများစွာရရှိနိုင်ကြောင်း SPIC ရေအားလျှပ်စစ်ကုမ္ပဏီက စက်တင်ဘာလ ၁၁ ရက်နေ့က ပြောကြားခဲ့ဖူးသည်။

Ah Je





# တိုင်းရင်းသားဘာသာ စာပေများကို သင်ကြားမည့် ဆရာ၊ ဆရာမများခေါ်ယူ

မြစ်ကြီးနား၊ နိုဝင်ဘာ ၃၀

ပညာရေး ဝန်ကြီးဌာန လက်အောက်ရှိ အခြေခံ ပညာကျောင်းများတွင် တိုင်းရင်းသားဘာသာ စာပေများအား သင်ကြားပေးနိုင်မည့် နေ့စားလပေး ဆရာဆရာမများ ရာထူး (Teaching Assistant) နှင့် တိုင်းရင်းသားဘာသာ သင်ဆရာဆရာမများ (Language Teacher) ကို ခေါ်ယူနေပြီဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ နိုဝင်ဘာလ ၃၀ ရက်နေ့က သတင်းထုတ်ပြန်လိုက်သည်။

တိုင်းရင်းသားဘာသာစာပေများကိုသင်ကြားမည့် နေ့စားလပေး ဆရာဆရာမများသည် ပညာအရည်အချင်း အနိမ့်ဆုံး ၉ တန်းအောင် ဖြစ်ရမည်ဆိုသော်လည်း၊ ပညာအရည်အချင်း ပိုမိုမြင့်မားသူ လျှောက်ထားလာပါက ဦးစားပေးရွေးချယ်သွားမည် ဖြစ်ကြောင်း ဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင်နေ့စားလပေး ဆရာဆရာမများသည် မြန်မာဘာသာစကားနှင့် ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစကားကို ကျွမ်းကျင်စွာ (အရေး၊ အဖတ်၊ အပြော) သင်ကြားပေးနိုင်သူ ဖြစ်ရမည့်အပြင် မူလတန်းအောက်အဆင့် KG တန်း၊ ပထမတန်း၊ ဒုတိယတန်း ကျောင်းသင်ခန်းစာ ပြဋ္ဌာန်းချက်များကို သင်ကြားပေးနိုင်သူဖြစ်ရမည် ဟုလည်း ပါရှိသည်။

နေ့စားလပေး ဆရာ၊ ဆရာမ ရာထူးအတွက် လျှောက်ထားသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားဝန်ကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော ဝန်ကြီးတစ်ဦး၏ ထောက်ခံချက်များ ပါရှိရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ ထောက်ခံချက်များဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။




ရွေးချယ်ခြင်းခံရပါက ခန့်ထားသည့် ဒေသကျောင်းများတွင် အနည်းဆုံး ၃ နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာအပြောင်းအရွှေ့ လျှောက်ထားမှုကို လျှောက်ထားလာပါက ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း၊ ယင်းဝန်ကြီးဌာနမှ ဖော်ပြကြေညာထားသည်။

သို့ဖြစ်၍ လျှောက်ထားသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးများသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့အတွင်း နောက်ဆုံးထားကာ လျှောက်လွှာများကို ပေးပို့ရမည်ဟု တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနမှ သိရသည်။

သတ်မှတ်ထားသည့် ရက်များထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံ စဉ်းစားပေးမည်မဟုတ်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း၊ ဇရာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်းနပါတ် - ၀၉၂၆၂ ၄၇၀၉၆၃နှင့် ၀၇၄-၂၂၆၉၆ သို့လည်းကောင်း၊ နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ဖုန်းနပါတ် - ၀၆၇ - ၃၄၀၉၃၁၅ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်ဟု ထုတ်ပြန်ကြေညာထားပါသည်။

ဆိုင်း(ကချင်မြေ)

# ကချင်ပြည်နယ်တွင် တက္ကသိုလ်ဝင်တန်း စာစစ်ဌာနအသစ် ရှစ်ခု ထပ်မံဖွင့်လှစ်သွားမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၇

ယခု ၂၀၁၈-၁၉ ပညာသင်နှစ်တွင်တက္ကသိုလ်ဝင်တန်းစာစစ်ဌာနအသစ် ရှစ်ခုကို ထပ်မံဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေကြောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြောကြားသည်။

၂၀၁၉ ခုနှစ်တွင် စစ်ဆေးမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုကြမည့် ကချင်ပြည်နယ်မှ တက္ကသိုလ်ဝင်တန်းကျောင်းသားများ လွယ်ကူချောမွေ့စွာ ဖြေဆိုနိုင်စေရေးအတွက် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည့် ၂၀၁၈ ခုနှစ် ကချင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်ခြင်း ဖြစ်သည်။

"အခုလိုမျိုး ကျောင်းတွေကို အဆင့်တွေတိုးပြီး ဖွင့်လှစ်ပေးလာခဲ့ခြင်းက ကချင်ပြည်နယ်အပေါ်မှာထားရှိတဲ့ နိုင်ငံတော်ရဲ့ ကြီးမားတဲ့စေတနာတွေပဲဖြစ်ပါတယ်"ဟု ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ပြောကြားသည်။

ထိုတက္ကသိုလ်ဝင်တန်း စာစစ်ဌာန အသစ်များမှာ မြစ်ကြီးနားမြို့နယ် အ. ထ. က (ရွှေစက်)၊ ဗန်းမော်မြို့နယ် အ. ထ. က (စင်းခမ်း)၊ ပူတာအိုမြို့နယ် လေယာဉ်ကွင်းအထက်တန်းကျောင်း၊ မိုးညှင်းမြို့နယ်၊ ချောင်းဝနှင့် ညောင်ပင်၊ အ. ထ. က (နောင်ကိုင်တော်) ကျောင်း၊ အထက(မြိုင်သာယာ)ကျောင်းနှင့် အထက (မော်ဟန်)ကျောင်းတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။


"ဒီနှစ် ပညာသင်နှစ်အတွက် ဆရာကြီးတို့ စိစစ်ပြီး စာစစ်ဌာနအသစ်တွေကို ခွင့်ပြုပေးဖို့ စာလည်းတင်ထားပါပြီ။ အခြေအနေအရ စာစစ်ဌာနအသစ်တွေကို ဖွင့်ရဖို့များပါတယ်"ဟု ကချင်ပြည်နယ် ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး (ပညာ)ဦးမင်းဦးမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

လက်ရှိအချိန်ထိ ကချင်ပြည်နယ် တစ်ပြည်နယ်လုံးတွင် စာစစ်ဌာနပေါင်း ၆၁ ခု ဖွင့်လှစ်ခဲ့သည်။

၂၀၁၈ - ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မေးခွန်းပုံစံသစ်ဖြင့် စစ်ဆေးမေးမြန်းသွားမည်ဖြစ်ပြီး၊ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ၂၀၁၉ ခုနှစ်တွင် စာစစ်ဌာနအသစ် ၁၈၈၁ ခုအထိ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် Learning Hub ခန်းမ၌ ပြုလုပ်ခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲသင်တန်းတွင် ပြောကြားထားသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ - ၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လတွင် ကျင်းပသွားမည်ဖြစ်သော်လည်း ရက်အတိအကျ ထုတ်ပြန်ထားခြင်း မရှိသေးပါ။

ဆိုင်း(ကချင်မြေ)








# မီးဖွားပြီးစ မိခင်များအတွက် ဆောင်ရန်၊ ရှောင်ရန် အစားအစာများ

ကိုယ်ဝန်ဆောင်ချိန်ကာလအတွင်း မိမိကိုယ်ကိုယ်ဂရုစိုက်ခဲ့သလိုပဲ မီးဖွားပြီးစဥ်ကာလမှာလည်း ထပ်တူဂရုစိုက်သင့်ပါတယ်။ အစာ ကောင်းကောင်းစားခြင်းနဲ့ ကောင်းမွန်စွာ အနားယူခြင်းဟာ ကလေးမွေးစဥ် ကုန်ခမ်းသွားတဲ့ သင့်ရဲ့အားအင်တွေကို ပြန်လည် ဖြည့်တင်းပေးပါတယ်။

ဘာကြောင့် မီးဖွားပြီးချိန်မှန်ကန်သော အစားအစာ စားသုံးသင့်လဲဆိုရင်တော့ ကိုယ်ဝန်ဆောင်ချိန်အတွင်း ပြောင်းလဲသွားသည့် ခန္ဓာကိုယ်အချိုးအစားကိုကိုယ်ဝန်မဆောင်ခင်ကအတိုင်း ပြန်လည်ရရှိစေပါတယ်။ ပြီးတော့ ကိုယ်ခန္ဓာပုံပျက်သွားခြင်းမှလည်း ကာကွယ်ပေးပြီး သင့်ရဲ့လိုအပ်နေတဲ့ စွမ်းအားများကိုလည်း ပြန်လည် ဖြည့်တင်းပေးပါတယ်။

ကျန်းမာစွာ စားသုံးခြင်းဟာ ပိုပြီးအရေးကြီးလာပါတယ်။ ဘာကြောင့်လဲဆိုရင်တော့ သင်စားသုံးလိုက်တဲ့ အစာဟာ သင်ရဲ့နို့ကနေတစ်ဆင့် သင့်ကလေးဆီ ရောက်ရှိသွားလို့ပါ။ သင့်ရဲ့ဟင်းလျာကို စီစဥ်တဲ့အခါ ကယ်လိုရီနဲ့အဆီမျှတတဲ့ အစားအစာတွေကို ရွေးချယ်ထည့်ပါ။

**သုံးဆောင်သင့်တဲ့အစားအစာ (၅)မျိုး**

**၁။ ဂျုံ၊ စပါး၊ ယာဂု ( Grains)**
ဂျုံ၊ စပါး၊ ယာဂု အစရှိတဲ့ နှံစားပင်တို့၏ အစေ့အဆန်တွေကို နေ့စဥ်စားသုံးရမည့် အစားအစာ စာရင်းထဲမှာ ထည့်ပါ။ ဂျုံစေ့နဲ့ပြုလုပ်ထားသည့်ပေါင်မုန့်တွေဟာ ဖောလစ်အက်ဆစ် ပါဝင်တာကြောင့် သင့်ကလေးရဲ့ ခန္ဓာကိုယ် အစောပိုင်းကာလတွေမှာ ကောင်းစွာဖွံ့ဖြိုးဖို့ အထောက်အကူပြုပါတယ်။ ပြီးတော့ သံဓါတ်ပါဝင်တဲ့အတွက် Anaemia လို့ခေါ်တဲ့သွေးအားနည်းတဲ့ရောဂါကနေ ကာကွယ်ပေးပါတယ်။ ခန္ဓာကိုယ်မှာပါတဲ့ အမျှင်ဓာတ်တွေကို ကျန်းမာစေတဲ့အတွက် အစာချေခြင်းကို ကောင်းစွာပြုလုပ်နိုင်ပါတယ်။

**၂။ဟင်းရွက်သီးနှံ (Vegeta-bles)**
ဟင်းသီးဟင်းရွက်တွေကို သင့်ရဲ့နေ့စဥ်စားသုံးတဲ့ အစာအုပ်စုမှာ ထည့်သွင်းသင့်ပါတယ်။ အနီရောင်၊ စိမ်းပုတ်ရောင်၊ လိမ္မော်ရောင် အစရှိတဲ့ အရောင်တွေပါဝင်တဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ ပဲအမျိုးမျိုးကို တစ်လှည့်စီစားသုံးသင့်ပါတယ်။

**၃။ သစ်သီးဝလံ (Fruits)**
အသီးတွေနဲ့ ပတ်သက်ပြီးတော့ တစ်သားတည်း အတိအကျဖော်ပြထားတာ မရှိပါဘူး။ ဒါကြောင့်မို့ လတ်ဆတ်တဲ့ အသီးတွေဖြစ်စေ၊ စည်သွပ်ထားတဲ့ အသီးတွေဖြစ်စေ၊ အခြောက်လှန်းထားသော အသီးတွေဖြစ်စေ ကြိုက်နှစ်သက်သလို ရွေးချယ်စားသုံးနိုင်ပါတယ်။

**၄။ နို့နဲ့ နို့ထွက်ပစ္စည်း (Dairy)**
နို့နှင့် နို့ထွက်ပစ္စည်းတွေကိုလည်း သင့်ရဲ့မီးဖွားခါ အစာအုပ်စုထဲမှာ ထည့်သွင်းစားသုံးပါ။ သင်ဟာ အကယ်၍ ဝိတ်တက်မှာကို စိုးရိမ်ရင်တော့ အဆီဓာတ်ပါဝင်မှုနည်းပါးတဲ့ buttermilk လို့ခေါ်တဲ့ (မလိုင်ထုတ်ပြီးသား နို့ကျက် တက်ရည်) မဒီရည်နဲ့ ဒိန်ချဥ် အစရှိတာတွေကို ရွေးချယ်နိုင်ပါတယ်။

**၅။ ပရိုတင်း ( Protein )**
ငါး၊ အခွံမာသီးများ၊ အစေ့အမျိုးမျိုး၊ ပဲစေ့နဲ့ ပဲတောင့်အမျိုးမျိုးတွေဟာ ပရိုတင်းဓာတ်အများဆုံးပါဝင်တဲ့ အရင်းအမြစ်ဖြစ်တဲ့အတွက်၊ အဲဒီထဲကအနည်းဆုံးတစ်ခုကို သင့်ရဲ့ဟင်း သို့မဟုတ် မုန့်ထဲမှာ ထည့်သွင်းစားသုံးပေးပါ။ အဆီနည်းတဲ့ အသားအမျိုးမျိုးနဲ့ အသားစားကြက်၊ ဘဲ အစရှိတာတွေကလည်း ရွေးချယ်သင့်တဲ့အစာများ ဖြစ်ပါတယ်။

**ရှောင်သင့်တဲ့ အစားအစာ**

**၁။ ကြက်သွန်ဖြူ ( Garlic )**
စူးရှတဲ့ ကြက်သွန်ဖြူရဲ့ အနံ့အသက်ဟာ ကလေးနို့တိုက်ကျွေးတဲ့အချိန်မှာ သင့်ရဲ့နို့ရည်ကိုအနံ့ဆိုးစေတဲ့ပြီး သင့်ကလေးက နို့စို့ရန် ငြင်းပယ်နိုင်တဲ့အတွက် ရှောင်သင့်ပါတယ်။

**၂။ရှောက်၊ သံပရာမျိုးဝင် သစ်သီးဝလံ (Citrus Fruits)**
သင့်ကလေးဟာနို့စို့နေစဥ်အန်ခြင်းသို့မဟုတ် သင့်ကလေးရဲ့ ပေါင်ကြားတွေမှာ အဖုအပိန့်တွေ ဖြစ်လာတယ်ဆိုရင်တော့ အဲဒါဟာ သင်စားသုံးမိတဲ့ ရှောက်၊ သံပရာမျိုးဝင် အသီးများကြောင့် ဖြစ်နိုင်ခြေများပါတယ်။ ပြီးတော့ သင့်ကလေးရဲ့ အစာလမ်းကြောင်း၊ ဆီးလမ်းကြောင်း အစရှိတာတွေကို မအီမသာ ဒါမှမဟုတ် စပ်ဖျဥ်းဖျဥ်းဖြစ်စေနိုင်ပါတယ်။

**၃။ ကော်ဖီ ( Coffee )**
ကော်ဖီမှာပါဝင်တဲ့ ကဖိန်းဓာတ်ဟာ သင့်ကလေးကို မအီမသာဖြစ်စေတဲ့အပြင် အိပ်မပျော်စေနိုင်တဲ့အတွက် ကော်ဖီသောက်တာကို ရှောင်ပါ။

**၄။ အရက် (Alcohol)**
အရက်သောက်ပါက အိပ်ငိုက်ခြင်း၊ အားနည်းခြင်း၊ ပုံမှန်မဟုတ်တဲ့ အလေးချိန်တက်ခြင်းတွေ သင့်ကလေးကို ဖြစ်စေတဲ့အပြင် အရက်သောက်တာကြောင့် သင့်နို့ရည်ကို သိသိသာသာ အထွက်နည်းစေပါတယ်။

**၅။ မြေပဲ ( Peanuts )**
မြေပဲဟာ ဓာတ်မတည့်မှုတွေကို ဖြစ်စေနိုင်တဲ့အတွက် သင့်ရဲ့စားသုံးသင့်တဲ့ အစာအုပ်စုမှ ဖယ်ထုတ်သင့်ပါတယ်။

**၆။ ချောကလက် (Chocolates)**
ချောကလက်စားခြင်းဟာ ကဖိန်းဓါတ်ရဲ့ လုပ်ဆောင်ချက်နဲ့ တူညီတဲ့အတွက် ရှောင်သင့်ပါတယ်။

**၇။ ငရုတ်သီး (Chilies)**
အစပ်များစွာ စားသုံးတာဟာ သင့်ကလေး မွေးပြီးခါစ အခြေအနေတွေမှာ မကောင်းပါဘူး။ အစပ်စားတာဟာ သင့်ကလေးရဲ့ အူလမ်းကြောင်းနဲ့ သွေးကြောတွေကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ပါတယ်။

**၈။အဆီများပြီး အငွေ့များတဲ့ အစာ (Oily, Gassy Food)**
အဆီများတဲ့ အစာတွေဟာ သင့်ကိုအဆီပိုတွေသာစုဆောင်းမိစေပါတယ်။ပြီးတော့ ဓာတ်ငွေ့ပါတဲ့ အစာတွေဟာ အစာချေဖို့ ခက်ခဲစေပါတယ်။

**၉။ မုန့်ကြော်နဲ့ ဆိုဒါပါသော အချိုရည် (Fried Snack and Fizzy Drinks)**
ကြော်ထားတဲ့ မုန့်တွေနဲ့ ဆိုဒါပါတဲ့ အစားအစာတွေကို နို့တိုက်မိခင်အနေနဲ့ ရှောင်သင့်ပါတယ်။

မျိုးမြတ်မြတ်ပန်

## Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၃၀ - ၁၁ - ၂၀၁၈ မှ ၆ - ၁၂ - ၂၀၁၈ အထိ မြန်မာရုပ်ရှင်ကို နေ့လယ် ၉ း ၃၀ နာရီ တွင် - **ကြတ်ဂူ**
ညနေ ၃ း ၃၀ နာရီ ပွဲချိန်တွင် - **အဆိပ်ရှိလူရိုင်း**
နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင် - **ဘူဇွာဟိုတယ်**










| ရွှေဈေး | |
|---|---|
| ခေါက်ရွှေ | ၁၀ ၂၈၀၀၀ ကျပ် |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၆၈၀၀၀ ကျပ် |

| ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom) | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၈၀၀၀၀/၇၆၀၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၆၉၀၀၀၀ ကျပ် |
| CYCLONE | ၁၀၃၅၀၀၀ ကျပ် |

**သားအဖြစ်မှစွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း**

၂၀၁၁ခုနှစ် မြန်မာ့ကြေးမုံသတင်းစာတွင် မိုးကောင်းမြို့ နန့်ရင်းရပ်ကွက်နေ၊ ဦးရှုရွယ်နှင့် (ဒေါ်ကော့အိန်) တို့၏သား မောင်ဆင်ပရေ့ခွန်နော် (၁/မကတ(နိုင်) ၀၉၀၃၃၅) သည် မိဘသွန်သင်မှုအပေါ်ဆန့်ကျင်နေပါသဖြင့် သူ့အား သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခဲ့ခြင်းကို ပြန်လည် ရုပ်သိမ်းကြောင်းနှင့်သားအဖြစ်ပြန်လည်လက်ခံကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရှုရွယ်
၁/မကတ (နိုင်) ၀၀၃၈၁၄
မိုးကောင်းမြို့

ကလေးသူငယ်များအပေါ်
လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်
အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက
တိုင်ကြားရန်ဖုန်းနံပါတ်များ

၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း

နှင်းဆီဖြူဂျာနယ်တွင် ကျော်ဇောခိုင် အင်တာဗျူးမေးမြန်းခဲ့သော ဆရာမြင့်သန်း အမေးအဖြေစာအုပ် ဖြစ်သည်။ မြန်မာစာပေလောက၊ နိုင်ငံတကာ စာပေလောက၊ အတွေးအမြင်များ၊ ဒဿနများ ပါဝင်သည်။ အင်တာဗျူးများ အမေးအဖြေလုပ်ကြရာတွင် မေးမြန်းသူ၏ ကဏ္ဍသည် လွန်စွာအရေးကြီးလှပါသည်။ မိမိမေးမြန်းမည့် စာရေးဆရာ၏ စာပေများ၊ အယူအဆများ၊ သဘောထားများ၊ နိုင်ငံတကာ စာပေများ၊ မြန်မာစာပေများ စသည်တို့ကို သိမြင်နှံ့စပ်ဖို့ အရေးကြီးလှသည်။ ဆရာမြင့်သန်းသည် မြန်မာစာပေ လောကတွင် နိုင်ငံတကာစာ ပေများကို ဘာသာပြန်သူ၊ ခေတ်ပြိုင်စာပေများ၊ သီအိုရီအယူအဆများ သဘောတရားရေးရာများကို ကျွမ်းကျင်နှံ့စပ်လှသော စာရေးဆရာတစ်ဦးဖြစ်သည်။ ထိုသူနှင့် အမေးအဖြေလုပ်ရာတွင် မေးမြန်းသူမှ မေးတတ်လျှင် မေးတတ်သလောက် ဗဟုသုတ အသိအမြင်များစွာကို နှိုက်ထုတ်နိုင်ပေလိမ့်မည်။ ကျော်ဇောခိုင်သည် ထိုကဲ့သို့ မေးတတ်မြန်းတတ်သော စာ




| မြင့်သန်းနှင့်အမေးအဖြေ<br>(သို့) အစားထိုးထားသောဘဝအတွက်စကားလုံးများ |
|---|
| စာရေးသူ = ကျော်ဇောခိုင် |
| စာအုပ်တိုက် -နှင်းဆီဖြူစာစဉ် |
| တန်ဖိုး = ၂၀၀၀ ကျပ် |

ရေးသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ယခု မြင့်သန်း၏ အမေးအဖြေသည် မြန်မာစာပေအတွက် တန်ဖိုးရှိသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

"မြန်မာဝတ္ထုတို၊ ဝတ္ထုရှည်အတော်များများကို ဖတ်ပါတယ်။ အတိုဖတ်တာကတော့ ပိုများတယ်။ စောစောပိုင်းက ဆရာကြီးမောင်ထင် (ဦးထင်ဖတ်)ရေးတဲ့ ကိုဒေါင်း ကတော့ အစွဲဆုံးပဲ။ ခရီးသွားတဲ့အခါ ကိုဒေါင်းကို ယူသွားလေ့ရှိတယ်။ လောကကြီးနဲ့ ခဏအဆက်အသွယ် ဖြတ်ချင်သလိုလိုဖြစ်လာရင် ငြီးငွေ့လာရင် ကိုဒေါင်းကို ပြန်ဖတ်ရတယ်။ ကာဖကာရဲ့ အတိုတွေလည်း ပြန်ဖတ်ဖြစ်တယ်။ ဟိုတုန်းကတော့ ကြည်အေးကို မကြိုက်လှဘူး။ နောက်ပိုင်းပြန်ပြီး အကြိမ်ကြိမ်ဖတ်ရင်း ကြိုက်လာတယ်။ ဖတ်ရင်းဖတ်ရင်း မှတ်စုတွေ ရေးထားဖြစ်တယ်။ ကျနော့်မှာ စာတစ်ပုဒ်ကို အကြိမ်ကြိမ်ဖတ်တဲ့အကျင့် ရှိတယ်။ အဖေ့ဆီကရတာ။ ပြီးတော့ မှတ်စုစာအုပ်နဲ့မှတ်တာ။ ဒါကလည်း အဖေ့ဆီက ရတာပဲ။ ကြည်အေးဝတ္ထုတွေမှာ ဆက်လက် နှီးနှောစရာတွေ တပုံကြီးပဲ။ ကျနော်သတိထားလာမိတာ တစ်ခုရှိတယ်။ ဝတ္ထုတိုအရေးမှာ ကြည်အေးရဲ့ နေ့ရက်တွေကစလို့ ဂျူးတို့ ခက်မာ၊ ခင်မြဇင် စတဲ့သူတွေအထိ မိန်းမစာရေးသူတွေဟာ ဝတ္ထုရဲ့အတွင်းသားကို ပိုပြီး ထိန်းနိုင်တယ်။ ဒီတော့ ဆက်ပြီး နှီးနှောစရာရှိလာတယ်။ တစ်နည်းပြောရရင် ဝတ္ထုတိုတစ်ပုဒ်ဟာ ဖတ်ပြီးတဲ့နောက် နင်နေငါသွား ဖြစ်မသွားဘူး။ ( ၃၄ မှ)

---

ဆရာမောင်ရင့်မာ(ကျောင်းကုန်း၏ အက်ဆေးစုစည်းမှု ဖြစ်ပါသည်။ အက်ဆေးဆရာအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့သော အက်ဆေးဆရာသည်အက်ဆေးစုစည်းမှုများကိုလည်း အတော်များများ စုစည်းခဲ့ပြီးပါပြီ။ မောင်ငယ်ငယ်က ခရေဦး၊ ဝန်ချတောင်၊ ပျားရည်လိမ်းသော သစ်ရွက်၊ လရောင်ရွာတဲ့ရွာ စသည့် အက်ဆေးစုစည်းများသည် ဆရာမောင်ရင့်မာ (ကျောင်းကုန်း)၏ နာမည်ကျော်အက်ဆေးစုစည်းမှုများ ဖြစ်ပါသည်။ ယခုတစ်ကြိမ် နွေနှောင်းညတစ်ညဥ့် လရောင်နှင့်လေညင်းကို တွေ့ရှိခြင်းမှာ ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု အက်ဆေးဆုကို ပူပူနွေးနွေး ရရှိထားပါသည်။ ဆရာမောင်ရင့်မာ၏ စာဖတ်ပရိသတ်များအတွက် အက်ဆေးကောင်းများကို တစ်စုတစ်စည်းတည်း ဖတ်ရှုသိမ်းဆည်းထားနိုင်မည် ဖြစ်ပါသည်။

"အဘိုးအိုနှစ်ယောက်ကို ကျွန်တော် တွေ့မြင်ဖူးသည်။ နှစ်များကြာမြင့်စွာ မွေး၌ာနေနှင့်ဝေးကွာနေခဲ့သော အဘိုးအိုက ဇာတိမြေသို့ ပြန်လည်




| နွေနှောင်းညတစ်ညဥ့် လရောင်နှင့်လေညင်းကိုတွေ့ရှိခြင်း<br>အက်ဆေးများ |
|---|
| စာရေးသူ = မောင်ရင့်မာ(ကျောင်းကုန်း) |
| စာအုပ်တိုက် = ဝန်ချတောင်စာပေ |
| တန်ဖိုး = ၂၅၀၀ ကျပ် |

ခြေချလိုက်သည်နှင့် မြေကြီးကို ကုန်း၍ နမ်းရှိုက်လိုက်လေသည်။ ကျွန်တော် တော်တော်ဆွေးသွားသည်။ အဘိုးအိုတစ်ဦးကတော့ဖြင့် ခရီးမှပြန်ရောက်လျှင်ရောက်ချင်း ကြိုလင့်နေသော မိသားစုထဲမှ အငယ်ဆုံးမြေးမလေးကို မြှောက်ချီထွေးပွေ့ပြီး ဝမ်းဗိုက်ဖြူဖြူလေးကို တရှိုက်မက်မက် မွှေးကြူလိုက်ခြင်းဖြစ်သည်။ အဘိုးအိုနှစ်ဦး၏ မျက်နှာ၌ ကြည်နူးပွင့်တွေ လင်းလက်နေပုံမှာ တစ်ထေရာတည်း ဖြစ်သည်။


လူသည် သူ့ကိုအသက်ဓာတ်ပေးခဲ့သည့် ဇာတိမြေနှင့် သူက ဖန်တီးတည်ဆောက်ထားသည့် မိသားစု အသိုက်အမြုံအပေါ် ချစ်မြတ်နိုးမှုမှာ အတူတူပဲဖြစ်သည်။ ထို့ကြောင့် လူသည် သူ၏ဇာတိမြေနှင့် သူ့မိသားစုအတွက် အသက်ကိုပေးဆပ်ဖို့အထိ အသင့်ရှိနေတတ်သည်။ လူတို့ တစ်သက်ပန်လုံး ရုန်းကန်လှုပ်ရှားနေခြင်းသည် ဘဝလုံခြုံမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုအတွက် ဖြစ်မည် ထင်ပါသည်။

ပညာရှိသူမရှိသူ၊ ဥစ္စာရှိသူမရှိသူ၊ ရာထူးရှိသူ မရှိသူတို့သည် တစ်နည်းနည်းဖြင့် ရုန်းကန်နေကြရသည်။ သို့သော် ရုန်းကန်ပုံ၊ ရှင်သန်ပုံ မတူချေ။ အချို့က မိမိရှင်သန်မှုအလို့ငှာ အခြားသူတို့၏ ဂုဏ်သိက္ခာနှင့်ရှင်သန်မှုကို မထိမဲ့မြင်ပြုသည်။ ကျူးကျော်သည်။ နင်းချေသည်။ အခြားတစ်ပါးသူတို့၏ မျက်ရည်နှင့် ငိုကြွေးမည်တမ်းသံကို ဂီတအဖြစ် ခံစားသောက်သုံးသည့် ဆိုတောင်းမှားသူတို့လည်း များစွာရှိသည်။ ( စာ - ၁၂၄ မှ)

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း
( စည်ပင်သာယာမှ ကောက်ယူထားသောဈေးနှုန်း)

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မွှေး | ၂၅၀၀ ကျပ် |
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| စောရှုတ် (၁ပြည်) | ၂၀၀၀ ကျပ် |
| ကုလားကြီး (၁ပြည်) | ၁၃၀၀ ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန်ငါးပိ ရိုး/ရှယ်(၁ပိဿာ) | ၁၅၀၀/၂၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| (မွေးမြူရေး )ကြက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ (၁ပိဿာ) | ၂၂၀၀ကျပ် |
| ပဲစင်းငုံ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| မတ်ပဲ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၅၀၀ ကျပ် |
| ကြက်သွန်နီ | ၁၈၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၃၀၀၀ /၁၈၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်ခြောက်ရှည် (၁ပိဿာ) | ၈၀၀၀ ကျပ် |
| ငရုတ်ပွခြောက် | ၈၀၀၀ ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |
| ပဲဆီ (၁ပိဿာ) | ၃၀၀၀ ကျပ် |
| အိုင်အိုဒင်းဆား (၁ထုပ်) | ၂၀၀ ကျပ် |
| ရွှေဝါဆပ်ပြာ (၁တောင့်) | ၃၀၀ ကျပ် |

# မြစ်ကြီးနား ဆေးရုံကြီးတွင် အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာ အခမဲ့စစ်ဆေးပေးမည်




မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ကချင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများအတွက် Myanmar Kindness Charity မှ ဦးစီး၍ သားအိမ်ခေါင်းကင်ဆာ အခမဲ့စစ်ဆေးမှုများကို မြစ်ကြီးနား ဆေးရုံကြီးတွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၂ ရက်နေ့အထိ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစစ်ဆေးမှုကို Myanmar Kindness Charity မှ ဦးစီး၍ Rotary Club & HAND Group နှင့် ပူးပေါင်းကာ ကျွမ်းကျင်သော နိုင်ငံတကာ ဆရာဝန်ကြီးများကိုယ်တိုင် အမျိုးသမီးများအတွက် သားအိမ်ခေါင်းကင်ဆာကို အခမဲ့ စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးများအနေဖြင့် ရောဂါကို အချိန်မီသိရှိ၍ ကြိုတင်ကာကွယ်မှုများနှင့် ကုသမှုများပြုလုပ်နိုင်စေရန် ရည်ရွယ်ပြီး ယင်းကဲ့သို့ အခမဲ့ စစ်ဆေးမှုများကိုပြုလုပ်ပေးရခြင်းဖြစ်ကြောင်း Myanmar Kindness Charity မှ ဒါရိုက်တာနှင့် အထွေထွေအတွင်းရေးမှူး ဦးတင်သိန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ ယဉ်ကျေးမှုအရဆိုရင် သူတို့က ဒါကို ရှက်တယ်။ မပြောရဲဘူး။ အဲ့ဒါမျိုးတွေ အများကြီးရှိတယ်။ ဒါတွေကိုလည်း နောက်နောင် မဖြစ်အောင်လို့ ကြိုတင်ကာကွယ်နိုင်အောင် ရည်ရွယ်ပါတယ်။ အန်ကယ်တို့က ဒါကို လုပ်ပေးရုံတစ်ခုတည်း မဟုတ်ဘူး။ ပညာလည်းပေးတယ်။ သူတို့ကိုလည်း အမြဲပြောပါတယ်။ ရောဂါတွေ့ပြီဆိုလည်း ဘယ်အဆင့်ရောက်နေတယ်။ ဘယ်ဆေးရုံ ဘယ်ဆရာဝန်တွေနဲ့ တစ်ခါချိတ်ပေးတယ်"ဟု ဦးတင်သိန်းက ပြောသည်။

ရောဂါစစ်ဆေးခြင်းသည် အရေးကြီးကြောင်းနှင့် ရောဂါစစ်ဆေးတွေ့ရှိပါက လိုအပ်ချက်များညွှန်ကြားကာ သက်ဆိုင်ရာ ဆရာဝန်များနှင့် ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း Myanmar Kindness Charity Founder ဒေါ်ခင်မာလာက ပြောသည်။

"စစ်ဆေးပေးတာကိုက တော်တော်ကြီးကို အရေးကြီးတဲ့အပိုင်းဖြစ်တယ်။ ဘာလို့ဆိုဖြစ်နေတဲ့သူတွေက မသိကြဘူးလေ။ စစ်ဆေးပေးပြီးမှ ကုသရမယ်။ ရောဂါဖြစ်နေတဲ့သူတွေကို ဘယ်လိုလုပ်ရမယ် ဆ ိ ု တ ာ ညွှန်ကြားပေးမယ်။ ပြီးမှ သက်ဆိုင်ရာဆရာဝန်တွေနဲ့ ပြန်ပြီးချိတ်ဆက်ပေးမယ်" ဟု ဒေါ်ခင်မာလာက ပြောသည်။

လူဦးရေ ၅၀၀ ထိ စစ်ဆေးပေးရန် သတ်မှတ်ထားသောကြောင့် စစ်ဆေးလိုသူ အမျိုးသမီးများအနေဖြင့် ဖုန်းနံပါတ် ၀၉-၄၀၁၈၀၀၃၆၉၊ ၀၉-၃၀၉၁၄၁၉၉၊ ၀၉-၄၀၀၀၅၄၇၉၆ သို့ စာရင်းပေးသွင်းနိုင်သကဲ့သို့ Myanmar Kindness Charity Facebook Page မှလည်း စာရင်းသွင်းနိုင်ကြောင်း သိရသည်။

Ann

# မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးတွင် လုံခြုံရေးကင်မရာများ တပ်ဆင်မည်




နိုဝင်ဘာ ၃၀

မြစ်ကြီးနားမြို့၊ ပြည်သူ့ဆေးရုံကြီးတွင် လူနာများအေးချမ်းစွာ ကုသနိုင်ရေးအတွက် လုံခြုံရေးကင်မရာများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်မှ ပြောသည်။

ဆေးရုံကြီးအတွင်းစီစီတီဗွီ တပ်ဆင်ရန် ကုသရေးဦးစီးဌာန နေပြည်တော်သို့ ခန့်မှန်းတွက်ချက်မှု စာရင်းနှင့်တကွ ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းကို ဒုတိယအကြိမ်၊ ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (တတိယနေ့)တွင် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းမှုကို ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဆွမ်ပရာဘွမ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးတွင် မိဘပြည်သူများ စိတ်ချလုံခြုံအေးချမ်းစွာ ဆေးဝါးကုသမှုခံယူနိုင်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဆေးရုံဝင်းလုံခြုံရေးအတွက် မည်ကဲ့သို့ စီမံချက်ထားရှိပြီး လုံခြုံရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းမေးမြန်းခဲ့သည်။

"ကျွန်တော် ကိုယ်တိုင်လည်း ခံစားခဲ့ရပါတယ်။ ပြီးခဲ့တဲ့ အပတ်က ကျွန်တော်တို့ ဆွမ်ပရာဘွမ်မြို့နယ် ဒု - လက်ထောက်ကျောင်းဆရာကို ကျွန်တော်သွားတွေ့တဲ့အခါမှာ ဆေးရုံရှေ့မှာ လုယက်မှုခံရဖို့ နည်းနည်းလေးပဲလိုတယ်။ ဒါကိုစိတ်မချမ်းမြေ့စွာ တင်ပြရခြင်းဖြစ်ပါတယ်" ဟု ဦးဇော်ဒွဲက သူကြုံတွေ့ခဲ့ရပုံကို ပြန်လည်ရှင်းပြသည်။

ဦးဇော်ဒွဲ တင်ပြလာမှုအပေါ် ဝန်ကြီးက "ဆိုင်ကယ်များ ပျောက်ဆုံးခြင်းနှင့် ပတ်သက်ပြီး စက်ဘီးဆိုင်ကယ်များ စနစ်တကျအပ်နှံခြင်း လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိပါသဖြင့် ထိုနေရာတွင်သာ စနစ်တကျအပ်နှံရန်လိုအပ်ပါတယ်။ မြစ်ကြီးနား ဆေးရုံကြီးတွင် ပြည်သူများ ဆေးဝါးကုသမှု ခံယူရန် လူနာရှင်များ၏ ဆေးကုသဆောင်မှ မကြာခဏ ပိုက်ဆံများ ပျောက်ဆုံးခြင်းများကို တားဆီးကာကွယ်ရန် လူနာစောင့်အရေအတွက်ကို ကန့်သတ်ထားရှိခြင်း၊ ကတ်ပြားစနစ်ဖြင့် အဝင်အထွက်သတ်မှတ်ခြင်း၊ လူနာရှင်များ၏ ဆိုင်ကယ်များနှင့် ပိုက်ဆံများ မကြာခဏပျောက်ဆုံးခြင်း၊ ပစ္စည်းလုယက်ခြင်းများ ထပ်မံ မဖြစ်ပွားစေရေးအတွက် လှည့်ကင်း၊ ရပ်ကင်းဖြင့် စောင့်ကြည့်ခြင်း၊ ပြည်သူများကို အသိပညာပေး လက်ကမ်းစာစောင်များ စီမံဆောင်ရွက်သွားမည်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်း မြစ်ကြီးနား ဆေးရုံကြီးအတွင်း လက်နက်ကိုင်ဆောင်မှု ၁ မှု၊ မူးယစ်ဆေးဝါးမှု ၁ မှု၊ ဆိုင်ကယ်ခိုးမှု ၂ မှု၊ မူးယစ်သောက်စားရမ်းကားမှု ၂ မှု ဖြစ်ပွားပြီး ကျူးလွန်သူ ၈ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ဒေါက်တာသင်းလွင်က ပြောသည်။

စည်သူ(မြစ်ကြီးနား)

» စာ - ၆ မှ

မျိုးသည် မိမိတို့တိုင်းပြည်နှင့် သင့်လျော်သည်၊ မသင့်လျော်သည်ကို သိရှိနိုင်မည်ဖြစ်သည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိသော မြန်မာနိုင်ငံအတွက် စစ်မှန်သော ဖက်ဒရယ်စနစ်သည်သာလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ ခိုင်မြဲရေးအတွက်တစ်ခုတည်းသော အဖြေဖြစ်ကြောင်းကို လည်းနားလည် သဘောပေါက်လာမည်ဖြစ်သည်။

(ယော်ဘောမ် မန်ရှန်သည် ရန်ကုန်အခြေစိုက် နိုင်ငံရေးနှင့် ဥပဒေရေးရာ လေ့လာသုံးသပ်ရေးသားနေသူတစ်ဦး ဖြစ်သည်။ သူသည် Law and Diplomacy မဟာဝိဇ္ဇာဘွဲ့ကို The Fletcher School, Tufts University, USA မှ ရရှိခဲ့သည်။)

ကျမ်းကိုးများ။ KNOPFF, RAINER, and ANTHONY SAYERS. "Canada". Constitutional Origins, Structure, and Change in Federal Countries. Ed. JOHN KINCAID, G. ALAN TARR, and JOHN KINCAID. McGill-Queen's University Press, 2005. 104–143. Web...
Papagianni, Katia, (2006), "Accommodating Diversity: Federalism, Autonomy and other Options", Oslo Forum, www.osloforum. org/sites/ default/ files/ Accomodating-Diversity Federalism Autonomyand Other Options. pdf, (accessed: 20 March 2017)
SOUZA, CELINA. "Federal Republic of Brazil". Constitutional Origins, Structure, and Change in Federal Countries. Ed. JOHN KINCAID, G. ALAN TARR, and JOHN KINCAID. McGill-Queen's University Press, 2005. 77–103. Web...

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(ဒီဇင်ဘာ ၃ ၊ ၂၀၁၈)

# မြန်မာ – ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို မြစ်ကြီးနားတွင် ပထမဆုံးအကြိမ် ကျင်းပမည်




မြစ်ကြီးနား၊ နိုဝင်ဘာ ၂၈

မြန်မာ - ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာမည့် ဒီဇင်ဘာလတွင် မြစ်ကြီးနားမြို့၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

ကချင်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ ဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ဥက္ကဋ္ဌဖလား လက်ဝှေ့ပွဲကြီးတွင် မြန်မာ - ထိုင်း လက်ဝှေ့ကစားသမား သုံးဦးပါဝင်သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ထည့်သွင်းယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည့်အပြင် ပြည်နယ်အတွင်းရှိ ဝါသနာရှင် လက်ဝှေ့အားကစားသမားများကလည်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပြည်နယ်အနေနဲ့ ဥက္ကဋ္ဌဖလားဆိုပြီးလုပ်တာက ဒုတိယအကြိမ်ပါ။ ဒါပေမဲ့ နိုင်ငံခြားသား ကစားသမားတွေနဲ့ ကအခုမှစလုပ်မယ်။ ပထမဆုံးအကြိမ်ပါ"ဟု ဦးမြင့်ခိုင်က ပြောသည်။

အဆိုပါ မြန်မာ - ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ပြည်နယ်အတွင်းမှ ရိုးရာလက်ဝှေ့ကစားသမားများဖြစ်သော ရွှေရာဇာ၊ ဗျူဌ ၊ နိုင်ဘိုတို့နှင့် အတူ ထိုင်းလက်ဝှေ့ကစားသမားများဖြစ်သော ပု(စ်)တဲ၊ ဆမ်ခွန်၊ ဒွန်ဆန်ပေါင်းတို့ ကီလိုတန်းအလိုက် အသီးသီး ယှဉ်ပြိုင်ကစားကြရမည် ဖြစ်ကြောင်း ပြည်နယ်အားကာမှ စာရင်းများအရ သိရသည်။

ထို မြန်မာ - ထိုင်း ရိုးရာစိန်ခေါ်လက်ဝှေ့ပြိုင်ပွဲကြီးကို ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ မြစ်ကြီးနားမြို့ရှိ ပြည်နယ်မိုးလုံလေလုံ အားကစားခန်းမကြီးတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

ဆိုင်း(ကချင်မြေ)

## စစ်

စစ်ဆိုတဲ့ စာမျက်နှာကို ဖတ်နေရတာ
ကြောက်ရွံ့နေပါပြီ။
စစ်ပွဲတွေကြောင့်
မိသားစုတွေ ကွဲကွာခဲ့ရပြီ။
စစ်ပွဲတွေကြောင့်
နှလုံးသားတွေ နာကျင်ခဲ့ရတယ်။
စစ်ပွဲကို
တစ်ခြားကမ္ဘာတစ်ခုကို
ပို့ပေးလိုက်ပါလား။
စစ်ပွဲတွေကို
မုန်းတဲ့ ဗိုလ်ချုပ်ကြီးတွေလိုချင်တယ်။
ငြိမ်းချမ်းရေးကို
လိုချင်တဲ့ ဗိုလ်ချုပ်ကြီးတွေ
ဖန်ဆင်းပေးပါ
ဘုရားသခင်။
စစ်ပွဲတွေကို ဖန်တီးတဲ့
ဦးနှောက်တွေကို တော်လှန်ကြရအောင်။
စစ်ပွဲတွေကြောင့်
အရှုံးဖြစ်သူကဖြစ်
မိဘမဲ့ဖြစ်သူကဖြစ်။
စစ်ပွဲတွေနဲ့ ဝေးရာ
ငြိမ်းချမ်းရေးရှိတဲ့ စာမျက်နှာကို
ဖတ်ချင်ပါပြီ။

ဆိုင်းဖျူ

# အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပွဲတွင် ကချင်ပြည်နယ်မှ တက္ကသိုလ်ကျောင်းသား ၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကြီး (AUG) တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် ကချင်ပြည်နယ် တက္ကသိုလ်များမှ အားကစားသမား ခြောက်ဦး ရွေးချယ်ခံထားရကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ အားကစားသမားများမှာ ဖားကန့်မြို့နယ်မှ မောင်ဇော်ထက်အောင် (ဝူရှူး)၊ မြစ်ကြီးနားမြို့နယ်မှ မောင်အောင်ရတနာဖြိုး(တင်းနစ်)၊ ဖားကန့်မှ မောင်အောင်ကျော်(ရေကူး)၊ မြစ်ကြီးနားမြို့နယ်မှ မောင်ကျော်ဇင်ဖြိုး (စားပွဲတင်တင်းနစ်)၊ ဝိုင်းမော်မြို့နယ်မှ မလဂျွမ်းခေါန်ဆိုင်း (ပြေးခုန်ပစ်)နှင့် မြစ်ကြီးနားမြို့နယ်မှ မောင်စစ်လင်းထွဋ် (ပိုက်ကျော်ခြင်း)တို့ဖြစ်သည်။

"လောလောဆယ်တော့ ကျွန်တော်တို့လည်း ဒီလောက်ပဲပါတယ်လို့ အတည်ပြုလို့ရတယ်။ သူတို့ကို ကျွန်တော်တို့ အား/ကာက ရွေးတာ မဟုတ်ဘဲ မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ချုပ်က ရွေးထားတာပါ"ဟု ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိသည့် အာဆီယံတက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၇ မျိုး ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထိုအထဲမှ အားကစားနည်း ခြောက်မျိုးတွင် ကချင်ပြည်နယ်မှတက္ကသိုလ်ကျောင်းသားများ ပါဝင်နေခြင်း ဖြစ်သည်။

အာဆီယံ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ရေကူး၊ မြားပစ်၊ ပီတန်၊ ပြေးခုန်ပစ်၊ ဘောလုံး၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဝူရှူး၊ ကရာတေးဒို၊ တင်းနစ်၊ ဗိုဗီနမ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဂေါက်သီး၊ လေ့လှော်နှင့် စစ်တုရင် အာကစားနည်းတို့ကို ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

"အခုပြိုင်ပွဲဝင်မယ့် ကျွန်တော်တို့ကျောင်းက ကလေးတွေကို တက္ကသိုလ်အားကစားအဖွဲ့ကပဲ ရွေးခဲ့တာပါ။ အခုသူတို့ နေပြည်တော်မှာ စခန်းသွင်းလေ့ကျင့်နေကြပါ တယ်" ဟု မြစ်ကြီးနားတက္ကသိုလ်မှ အားကစားမှူး ဦးမက်အာသာက မြစ်ကြီးနားဂျာနယ်သို့ ပြောသည်။

အာဆီယံတက္ကသိုလ်ပေါင်းစုံ အးကစားပြိုင်ပွဲကို နေပြည်တော်တွင် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ရာ ယင်းပြိုင်ပွဲသို့ အာဆီယံနိုင်ငံ ၁၁ နိုင်ငံမှ အားကစားသမားပေါင်း ၁၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

AUG (ASEAN University Games) အားကစားပွဲတော်ကို အာဆီယံဒေသအတွင်းမှ တက္ကသိုလ်ကျောင်းသားများ အချင်းချင်း ယဉ်ကျေးမှုများ၊ ပညာရပ်များဆိုင်ရာ အတွေ့အကြုံများဖလှယ်ကြရင်း အားကစားစွမ်းရည်များ ထုတ်ဖော်ပြသနိုင်ရန် ရည်ရွယ်ပြီး ၁၉၈၁ ခုနှစ်မှစတင်ကာ နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့သည်။

ဆိုင်း(ကချင်မြေ)

# ပထမအကြိမ် ကချင်လူငယ်များ ရိုးရာယဉ်ကျေးမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၉

ကချင်လူမျိုး ရိုးရာယဉ်ကျေးမှု ဗဟိုချုပ်လူငယ်ဌာနမှ ကြီးမှူးကျင်းပသော ကချင်လူငယ်များ၏ ရိုးရာယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက်နေ့က မနောင်ကွင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲ တွင် ကချင်ရိုးရာ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး လူငယ်များ၏ အခန်းကဏ္ဍနှင့် ရှေ့ဆက်လုပ်ဆောင် သွားမည့်လုပ်ငန်းစဉ်များ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဝတ်စားဆင်ယင်မှု၊ စာပေနှင့် ဘာသာစကား စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရခြင်းမှာ ကချင်လူငယ်များ ရိုးရာယဉ်ကျေးမှုအားဖြင့် အချင်းချင်း ပိုမိုစည်းလုံးကြရန်၊ ရှေ့အနာဂတ် အစီအစဉ်အတွက် အတူတကွ လုပ်ဆောင်နိုင်ရန်၊ ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်လူငယ်ဌာန၏ ဖွဲ့စည်းပုံများကို သေချာကောင်းမွန်ကျစ်လျစ်သောဖွဲ့စည်းပုံကို အတည်ပြုနိုင်ရန်၊ ကချင်လူငယ်များ ရိုးရာယဉ်ကျေးမှုဌာန၏ အမှုဆောင်များကို ပြန်လည်စိစစ်ရွေးချယ်နိုင်ရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း ကချင်ရိုးရာယဉ်ကျေးမှု လူငယ်ဌာနခေါင်းဆောင် မောင်ဇုတ်ဒေါ်စောမ်နော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကချင်လူငယ်တွေ တွေ့ဆုံတယ်ဆိုတာ အားလုံးကပိုပြီး တစ်စုတည်း တစ်ခုတည်းဆိုတဲ့ဘက်ကို ရောက်လာနိုင်အောင်လို့ပါ။ ရိုးရာယဉ်ကျေးမှုလမ်းစဉ်မှာလည်း အားလုံးတွေ့ဆုံပြီး အကုန်လုံးရဲ့အမြင်ကို စုစည်းယူပြီး လုပ်ဆောင်သွားမှာပါ"ဟု မောင်ဇုတ်ဒေါ်စောမ်နော်က ပြောသည်။

ထို့ဆွေးနွေးပွဲကို တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်ကြသော ကချင်၊ လချိတ်၊ ဇိုင်ဝါး၊ လော်ဝေါ်၊ ရဝမ်နှင့် လီဆူမျိုးနွယ်စုများ စုစုပေါင်းလူဦးရေ ၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မျိုးမြတ်မြတ်ပန်




# ပန်ဝါစစ်ရှောင်ဒုက္ခသည်များ စားနပ်ရိက္ခာနှင့် အနွေးထည်များ အရေးပေါ်လိုအပ်နေ

နိုဝင်ဘာ ၂၅

ပန်ဝါမြို့တွင်နေထိုင်သော စစ်ရှောင်ဒုက္ခသည်များသည် စားနပ်ရိကာနှင့် အနွေးထည်များ၊ အရေးပေါ်အကူအညီများ လိုအပ်နေကြောင်း သိရသည်။

"ကျွန်မတို့ကို ကူညီတဲ့ အဖွဲ့တော့ ရှိပါတယ်။ ဒါပေမဲ့ လူအများကြီးဆိုတော့ လက်လှမ်းမမီတဲ့အပိုင်းတွေ ရှိတဲ့အတွက်ပါ။ ကျောင်းမရှိလို့ သူများအိမ်မှာပဲ ယာယီစာသင်ဆောင်လုပ်ပြီး သင်နေရတယ်။ အရမ်းအေးတဲ့ ဒေသဆိုတော့ အနွေးထည်လိုချင်ပါတယ်"ဟု ပန်ဝါစစ်ရှောင်စခန်းမှ စစ်ရှောင်ဒုက္ခသည် ဒေါ်ယော်လွီက ပြောသည်။

ယခုနှစ်အတွင်း အနွေးထည် လာရောက်ထောက်ပံ့သူများ မရှိသေးသဖြင့် အနွေးထည်များ လိုအပ်ကြောင်းနှင့် ကျောင်းတက်နေသည့် ကလေးများအတွက် ကျောင်းအသုံးအဆောင်ပစ္စည်းများ လိုအပ်နေကြောင်းလည်း သိရသည်။

"ကျောင်းသားကတော့ မူကြိုကျောင်းကနေ ၉ တန်းအထိရှိတယ်။ ၅တန်းကနေ ပန်ဝါကျောင်းမှာပဲ တက်တယ်။ ကျူရှင်ခက တစ်လကိုတစ်ဘာသာ ၃၀ ယွမ် (၆၀၀၀)ပေးရတယ်။ ကျူရှင်ကပိုက်ဆံရှိတဲ့လူပဲ တက်ရတယ်"ဟု ဒေါ်ယော်လွီက ပြောသည်။



ထို့ ဒုက္ခသည်များသည် ၂၀၁၂ ခုနှစ်က တပ်မတော်နှင့် KIA တို့ ပစ်ခတ်မှုကြောင့် ဖရဲကျေးရွာမှ ပြောင်းရွှေ့လာကြသူများဖြစ်ပြီး ဒိန်းဖရိန်းလူမှုကူညီမှုအဖွဲ့နှင့် ကချင်အထူးဒေသ(၁) ဖွံ့ဖြိုးအုပ်ချုပ်ရေးကော်မတီတို့မှ ကူညီနေကြောင်း သိရသည်။

ယင်းအဖွဲ့တို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် အခြားပစ္စည်းများကို အလျဉ်းသင့်သလို ထောက်ပံ့နေကြောင်းနှင့် ဖျားနာလာပါကလည်း ၎င်းတို့ အဖွဲ့တွင်ရှိသည့် ဆေးဝါးများနှင့် ကုသပေးကြောင်းလည်း သိရသည်။

"နှာစေး၊ ချောင်းဆိုးတာကတော့ ဒီမှာ အခမဲ့ကုပေးတယ်။ အရမ်းဖျားရင်တော့ ဒီမှာ ဆေးပစ္စည်းမစုံလို့ တရုတ်ပြည်ကို သွားကုရတယ်။ ဆေးဖိုးဝါးခတော့ တစ်ဝက်လောက်ပေးကုတယ်"ဟု ဒေါ်ယော်လွီကပြောသည်။

ပန်ဝါဒေသသည် စပါးစိုက်ပျိုးသည့်ဒေသ မဟုတ်သည့်အတွက် ယင်းဒုက္ခသည်များသည် အာလူးနှင့် ပြောင်းခင်းကိုသာ ယာပိုင်ရှင်များထံမှ လက်ဆောင်ပစ္စည်းများပေး၍ ငှားရမ်းစိုက်ပျိုးနေကြကြောင်း သိရသည်။

"ကျွန်တော်တို့က အခင်းလုပ်၊ ဝက်မွေးပြီးနေကြတာပါ။ ရတဲ့ အာလူးနဲ့ပြောင်းကိုတော့ ပန်ဝါမှာပဲ ရောင်းလိုက်တယ်။ ရာသီဥတု ကောင်းရင်ကောင်းသလို ထွက်ပါတယ်။ ဆန် မလောက်တော့ တစ်ခါတလေဆို ပြောင်းဖူးပဲပြုတ်စားနေရတယ်"ဟု ယင်းစစ်ရှောင်စခန်းက ဦးယော်လုပ်က ပြောသည်။

ယင်းဒေသသည် တိုက်ပွဲမဖြစ်ပါက ပျော်စရာကောင်းသည့် ဒေသဖြစ်သော်လည်း တိုက်ပွဲကြောင့် ဒေသခံများနှင့် စစ်ရှောင်ဒုက္ခသည်များသည် ဒုက္ခရောက်နေရကြောင်း ဒုက္ခသည်များက ပြောသည်။

မွန်းမွန်းပန်၊ Ah Je

# " နိုင်ငံအတွက် ဆုဖလားတစ်ခုခု ရယူပေးချင်တာ ကျွန်တော့်ရဲ့အိပ်မက်ပါ... "

ကိုပြည့်စုံ(TU) မေးမြန်းသည်

**၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်နှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ခွင့်ရက်ဖြင့် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိနေသည့် ကချင်ပြည်နယ်သားမြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အီစိုး ကို မြစ်ကြီးနားသတင်းဂျာနယ်မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။**





**ညီလေးရေ မင်္ဂလာပါ**

ဟုတ်ကဲ့ အစ်ကိုမင်္ဂလာပါ။

**မြန်မာ့လက်ရွေးစင် အသင်းအတွက် အဆင့်ဆင့် ရွေးချယ်ခံခဲ့ရပုံလေး ပြောပြပေးပါဦး။**

ကချင်ပြည်နယ်ကိုယ်စားပြု မနော‌မြေ FC အသင်း၊ နောက် ရန်ကုန်ယူနိုက်တက် FC အသင်းတွေကတစ်ဆင့် မြန်မာ့လက်ရွေးစင် ယူ-၂၁၊ ယူ-၂၃ နဲ့ လက်ရွေးစင်အသင်းကြီးအထိ ရွေးချယ်ခံခဲ့ရပါတယ်ဗျ။

**အခုလက်ရှိညီလေးရဲ့အသက်က။**

ကျွန်တော် အခု ၂၂ နှစ်ရှိပါပြီ။

**လတ်တလော ယှဉ်ပြိုင်ခဲ့တဲ့ ဆူဇူကီးဖလားပြိုင်ပွဲမှာ အစ်ကိုတို့ မြန်မာ့လက်ရွေးစင်အသင်း အုပ်စုအဆင့်က ထွက်ခဲ့ရတဲ့အပေါ် ညီလေးရဲ့ခံစားချက်လေး ပြောပြပေးပါဦး။**

တော်တော်လေး စိတ်မကောင်းဖြစ်ရပါတယ်ဗျ။ ကျွန်တော်နဲ့အတူ အသင်းဖော်အစ်ကိုတွေအားလုံးက အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ထားကြတာပါ။ အားလုံး ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ကြတဲ့အတွက် ပရိသတ်တွေအတွက် ပိုပြီး စိတ်မကောင်းဖြစ်မိပါတယ်။

**ဒီပြိုင်ပွဲမှာ ညီလေး ပွဲထွက်ကစားခွင့် နည်းခဲ့ရတဲ့အပေါ်မှာရော အသင်းတာဝန်ရှိသူတွေအပေါ် ဘာများပြောချင်ပါသလဲ။**

ပွဲထွက်ကစားခွင့် နည်းခဲ့တဲ့အတွက်တော့ အားမလိုအားမရဖြစ်မိပါတယ်။ ဒါပေမဲ့ နည်းပြကြီးနဲ့ အသင်းတာဝန်ရှိသူတွေရဲ့ ဆုံးဖြတ်ချက်ကိုတော့ ကျွန်တော်က လေးစားတဲ့အတွက် ဘာမှ ဝေဖန်စရာ မရှိပါဘူး။ ပွဲထွက်ကစားခွင့်ရတဲ့ ကစားသမားတွေအားလုံးကလည်း အစွမ်းကုန် ကြိုးစားကြတာ အားလုံးအမြင်ပါပဲဗျ။ ဒါပေမဲ့ ကျွန်တော်တို့ ကံမကောင်းခဲ့ကြပါဘူး။

**မလေးရှားနဲ့ ကစားခဲ့တဲ့ အဆုံးအဖြတ်ပွဲစဉ်အတွက်ရော ဘာများ ပြောချင်ပါသလဲ။**

မလေးရှားက အရှေ့တောင်အာရှရဲ့ အသင်းကြီးတစ်သင်းဖြစ်ပြီး အိမ်ရှင်ပရိသတ် ၈၀၀၀၀ ကျော်ရဲ့ အားပေးမှုက ကျွန်တော်တို့အတွက် အဓိကအခက်အခဲဖြစ်ခဲ့တယ်လို့ ထင်ပါတယ်။

**လက်ရွေးစင်အသင်းနဲ့အတူ အနီးကပ်ဆုံး ဘာပြိုင်ပွဲတွေများရှိလဲ သိပါရစေ။**

ယူ - ၂၂ အသင်းရဲ့ ပြိုင်ပွဲတော့ ရှိပါတယ်။ ရွေးချယ်မှုကတော့ မသိရသေးပါဘူး။

**ရန်ကုန်ယူနိုက်တက် FC အသင်းနဲ့ လက်ရှိအခြေအနေက ဘယ်လိုရှိလဲ။**

ရန်ကုန်ယူနိုက်တက်နဲ့က တစ်နှစ်စာချုပ် သက်တမ်းတိုးထားပါတယ်ဗျ။

**ပြည်ပထွက်ကစားမယ်ဆိုတဲ့ သတင်းတွေက အမှန်ပဲလား၊ အစီအစဉ်ရှိလား။**

လတ်တလောတော့ အစီအစဉ်မရှိသေးပါဘူး။

**အခုဆိုရင် ညီလေးရဲ့ဇာတိ မြစ်ကြီးနားမြို့မှာမြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းပြီးသွားတဲ့အပေါ် ညီလေးရဲ့အမြင်လေးပြောပြပေးပါဦး။**

ဒါက မြစ်ကြီးနားအတွက်ရော၊ ကချင်ပြည်နယ်အတွက်ပါ အလွန်ကောင်းတဲ့အရာပါ။ ပြိုင်ပွဲတွေ ပိုများလာပြီး လူငယ်တွေ ပိုအခွင့်အရေး ရလာမှာပါ။ ဦးဆောင်နေတဲ့သူတွေကလည်း ဝါသနာရော ကျွမ်းကျင်မှုပါ ရှိကြလို့ ပိုပြီးအောင်မြင်လာမယ်လို့ မြင်ပါတယ်။

**နိုင်ငံလက်ရွေးစင် ကစားသမားတစ်ယောက်အနေနဲ့ ကချင်ပြည်နယ်က လူငယ်ကစားသမားတွေကို ဘာများစကားလက်ဆောင် ပါးချင်ပါသလဲ။**

စည်းကမ်းရှိရှိနဲ့ ကြိုးစားစေချင်ပါတယ်။ အစားအသောက်၊ အနေအထိုင်ကအစ ဂရုစိုက်ပြီး လေ့ကျင့်ကြိုးစားရင် အောင်မြင်မှာပါလို့ ပြောချင်ပါတယ်။

**နောက်ဆုံးအနေနဲ့ ညီလေးရဲ့ လက်ရွေးစင်ကစားသမားဘဝ အိပ်မက်လေးရှိရင် သိပါရစေ။**

မြန်မာနိုင်ငံအတွက် မြန်မာ့ လက်ရွေးစင်အသင်းနဲ့ အတူ ချန်ပီယံဆုတစ်ခုခု ရယူပေးချင်တာ ကျွန်တော့်ရဲ့အိပ်မက်ပါ။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးပါ။ မြန်မာ့လက်ရွေးစင်အသင်းနဲ့အတူ အီစိုး အခုထက်ပိုပြီး အောင်မြင်ပါစေ။

ဟုတ်ကဲ့။ အခုလို ဖြေကြားခွင့်ရတဲ့အတွက် ကျွန်တော်ကလည်း မြစ်ကြီးနားသတင်းဂျာနယ်ကို အထူးကျေးဇူးတင်ပါတယ်။



# ဒုတိယအကြိမ်မြောက် Kachin Fashion Music Festival ပွဲကျင်းပမည်

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၇

ကချင်အနုပညာရှင်များ ဗဟိုကော်မတီအသင်းချုပ်မှ ဦးဆောင်ပြုလုပ်သော ဒုတိယအကြိမ်မြောက် Kachin Fashion Music Festival 2018 ပွဲကြီးကို မြစ်ကြီးနားမြို့ မနောင်ကွင်း၌ ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို Memories and Melody Theme အနေဖြင့် ကျင်းပသွားမည် ဖြစ်သောကြောင့် ၁၉၉၀-၂၀၀၀ ခုနှစ်များတွင် ရေပန်းစားခဲ့သော အဆိုတော် N-ding Ah Ja, Labang Doi Wawm, G Zung Ki, Myitung Tang Nau, Mangkyi Hkawng Lum, +3, Wadu Pri Lum, Share Ja Ring, D Ah Yun, Hpauyam Roi Tawng, Lama Nu Nu, Labya Mai Ra, N-Chyang Hka Ra တို့၏ သီချင်းများကို ဂုဏ်ပြုသောအားဖြင့် ပြန်လည် သီဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်အနုပညာရှင်များ အသင်းချုပ်မှ အကဆပ်ကော်မတီ၊ သရုပ်ဆောင်ဆပ်ကော်မတီ၊ ပန်းချီဆပ်ကော်မတီ အစရှိသော ဆပ်ကော်မတီ ၁၀ ခုတို့မှ ပူးပေါင်းပါဝင်သွားမည် ဖြစ်သောကြောင့် သက်ဆိုင်ရာ ဆပ်ကော်မတီသီးသီး၏ အနုပညာပြသမှုများကို ပြည်သူများ တစ်နေရာတည်းတွင် ကြည့်ရှုခံစားနိုင်အောင် စီစဉ်ထားပြီး အရင်နှစ်နှင့်မတူသော အစီအစဉ်များကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်ဦးစီးသူ ကချင်အနုပညာရှင်များ အသင်းချုပ်မှ လက်ထောက်အတွင်းရေးမှူး အဆိုတော် မရန်ဆိုင်းနော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

" အခုဓိက ကတော့ Theme တွေ ပြောင်းသွားတဲ့အတွက် Performance တွေကတော့ ပြောင်းသွားမယ်။ သရုပ်ဆောင်ဆပ်ကော်မတီ ပါတဲ့အတွက် ပြဇာတ်တွေ ပါမယ်။ ပန်းချီတွေလည်း တစ်ခါတည်း ပြနိုင်အောင် စီစဉ်ထားတယ်။ ရိုးလျှောက်တာတွေ ပါမယ်။ တစ်နှစ်မှာ တစ်ခါပဲလုပ်တဲ့ ပွဲဖြစ်တဲ့အတွက် အခမ်းနားဆုံးဖြစ်အောင် လုပ်သွားမယ်"ဟု မရန်ဆိုင်းနော်က ပြောသည်။

ယင်းပွဲတွင် အဆိုတော်များအနေဖြင့် Maran Seng Naw, Ah Ba Di, Sci-Fi, Marip Ah Tu, Lahpai Awng Seng, Key, Rebecca Win, Kareng Kai Din, N kai Ra စသော နာမည်ကြီးအဆိုတော် ၁၈ ဦးမှ သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဖက်ရှင်ရှိုးအတွက် ဝတ်စုံဒီဇိုင်းများကို ဖန်တီးပေးသွားမည့် ဒီဇိုင်နာများမှာ နာမည်ကြီးဒီဇိုင်နာ Y Stone (Yaw Bawm), Seng Lat (Maka), Htu Aung Gunhtang, Zaw Seng (Man made), Ah Put, Mr. Jet (Laiza) တို့ ဖြစ်ကြပြီး ယင်း ဖက်ရှင်ဒီဇိုင်းများကို Angel Lamung, L. Bawk Nu, M Ja Awng, Morain, Lung Lung, W May Shin Sein, Ja Seng Ing, Ja Htoi Lu, Sarah Fish, Ar Kai, Nyein Thaw, Paing Takhoon, M. Htoi San Awng, Mung Awng, Maran Seng Rat အစရှိသည့် နာမည်ကြီးမော်ဒယ်လ် ၂၉ ယောက်မှ ဝတ်ဆင်ပြသသွားမည် ဖြစ်ကြောင်းလည်း သိရသည်။




ယင်းပွဲကို လာရောက်ကြည့်ရှုလိုသူများ အတွက် လက်မှတ်များကို ငါးထောင်ကျပ်၊ တစ်သောင်းကျပ် သတ်မှတ်ထားပြီး ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ မနောင်ဝင်းအရှေ့တွင် စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းပွဲ ကျင်းပရခြင်းမှာ ကချင်အနုပညာရှင်များ အသင်းချုပ်ရုံး တည်ဆောက်ရေး ရန်ပုံငွေရရှိရန် ကျင်းပရခြင်းဖြစ်ကြောင်းသိရပြီး Kachin Fashion Music Festival 2017 ပွဲကြီးကိုလည်း ၂၀၁၇ ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သည်။

Benadeth

**Create Your Future Together !**

Japan နိုင်ငံNagasaki မြို့ရှိ Metro IT Business College မှတိုက်ရိုက်လာရောက်ဖွင့်လှစ်ထားသည့် Metro IT & Japanese Language Centre

IT နည်းပညာရပ်များကို Zero Level မှ စတင်လေ့လာနိုင်ပြီး
IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏
ITလုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန်ပြုစုပျိုးထောင်ပေးနေသည့်

HURRY ! Enroll Now !

**Japan Style Career Education**

- System Creator Course (IT Engineer - 2yars)
- Web Engineer Course (IT Engineer - 2yars)

**2018 December Intake** တန်းခွဲသစ်ဖွင့်လှစ်ဖို့နီးကပ်လာပါပြီ...

ကျောင်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံး လာရောက်အပ်နှံကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| STEP1 **Learn** | IT / Business Manner / Japanese / English |
| STEP2 **Get** | IT Diploma / ITPEC (IT Engineer Certificate)<br>Japanese Language Proficiency Certificate |
| STEP3 **Join** | Join Company as IT Professionals<br>(Career Support by Metro Careers Co., Ltd) |



METRO IT & Japanese Language Centre

**Yangon** Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, Pansodan Street(middle) Kyauktada Township Yangon.
phone : 01-372691, 01-372610, 09-262007800, 09-262007900 metrogroupmyanmar

**Mandalay** Room No (7), Mandalay ICT Park, 3rd Floor, Yadanarbon Super Center, Corner of 34 x 78 Street, Mandalay.
phone : 09-401000510, 09-401000520 metrogroupmandalay

Web metro - myanmar.com/mic Email mminfo@metro-myanmar.com

# စားသုံးရန် မသင့်သည့် အေးခဲအသားများနှင့် မုန့်များ မီးရှို့ဖျက်ဆီး

နိုဝင်ဘာ ၃၀

မြစ်ကြီးနားခရိုင် တရားမဝင်ကုန်ပစ္စည်း တားဆီး၊ ဖမ်းဆီးရေးအဖွဲ့မှ မြစ်ကြီးနား - ဗန်းမော် ကားလမ်းမကြီးတွင် သိမ်းဆည်းရမိသော စားသုံးရန်မသင့်သည့် အေးခဲအသားများနှင့် မုန့်များ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဝိုင်းမော် ရွှေညောင်ပင်ကျေးရွာအနီးရှိ ကားလမ်းမဘေးတွင် ဗန်းမော်မှ မြစ်ကြီးနားသို့ ဝင်ရောက်လာသော ယာဉ်ကြီး၊ ယာဉ်ငယ်များအား စစ်ဆေးရာတွင် ခရီးသည်တင်ယာဉ်ငယ်များဖြင့် တစ်ပိုင်တစ်နိုင်ပါရှိလာသော တရုတ်နိုင်ငံထုတ် အေးခဲအသားမျိုးစုံ ၂၆ ဖာ နှင့် စားသုံးရန်မသင့် မုန့်မျိုးစုံ ၅ ဖာတို့ကိုတွေ့ရှိရာ နိုဝင်ဘာလ ၂၈ ရက်က သိမ်းဆည်းခဲ့ကြောင်း သိရသည်။

"ဒီပစ္စည်းတွေကို မတင်လာပါနဲ့ဆိုပြီး ပညာပေးမှုတွေကိုလည်း လုပ်တယ်။ ဒါပေမဲ့ တင်ဆောင်လာကြတဲ့အတွက် ပညာပေးအနေနဲ့ ဖမ်းဆီးလိုက်ရခြင်း ဖြစ်ပါတယ်။ ပြီးတော့ ဒါက ဖျက်ဆီးသင့်တဲ့ အရာဖြစ်ကြောင်းကို ပြချင်တဲ့ သဘောပါ"ဟု မြို့နယ်အကောက်အခွန် ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ပြောသည်။

အဆိုပါအဖွဲ့ကို နိုင်ငံတော်အစိုးရ၏ညွှန်ကြားချက် အရ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ စားသုံးရန်မသင့်သည့် တရားမဝင် ကုန်ပစ္စည်းများ ဖမ်းဆီးရေးအဖွဲ့ ဖွဲ့ခိုင်းသည့်အတွက် ဖွဲ့စည်းခဲ့သည်မှာ ၄ လခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

"တရားမဝင် ကုန်ပစ္စည်းများဆိုတာ နိုင်ငံတော်က ပိတ်ပင်တားဆီးထားသည့် ကုန်ပစ္စည်းဖြစ်ပါတယ်။ အများပြည်သူစားဖို့၊ သုံးဖို့မသင့်တဲ့ အရာဖြစ်တယ်။ အဲဒါကို တရားဝင်တင်သွင်းခွင့်ကို မရဘူး။ တရားဝင်အခွန်ဆောင်ခွင့်လည်းမရတဲ့ အစားအစာတွေ ဖြစ်ပါတယ်။ အဲဒါတွေကို ခိုးတင်ပြီး အများပြည်သူကြား ရောက်အောင်ပို့ပြီး စားသုံးနေကြတာတွေ့နေရတယ်။ (FDA) ကစစ်ဆေးတော့လည်း စားသုံးရန်မသင်တဲ့အစားအစာတွေဖြစ်ကြောင်း စစ်ဆေးတွေ့ရှိတဲ့အတွက် မစားဖို့ ပညာပေးပြီး ဖြစ်ပေမယ့် စားနေကြတယ်။ တင်သွင်းနေတယ်။ တစ်ဘက်ကလည်း ဖမ်းနေတယ်"ဟု ဦးမောင်ဝင်းက ရှင်းပြသည်။





ဆေးလိပ် နှင့် ဆေးထိုးအပ်ပုံစံ တရုတ်နိုင်ငံထုတ် ကလေးစားစရာ မုန့်များ (မူးယစ်ဆေးဝါးအစ ဆေးလိပ်က)








အဆိုပါစားသုံးကုန်များကို ကားတစ်စီးတည်းဖြင့် သယ်ဆောင်ခဲ့ခြင်း မဟုတ်သည့်အတွက် သယ်ဆောင်လာသည့် ပစ္စည်းနည်းပါးခြင်း၊ ပိုင်ရှင်ပါမလာခြင်း၊ ကားသမားများ အနေဖြင့် မည်သည့်ပစ္စည်းများဖြစ်ကြောင်း မသိရခြင်း တို့ကြောင့် ကုန်ပစ္စည်းအပြင် ကားသမားနှင့် ကားများကို ဖမ်းဆီးခြင်းများ မပြုလုပ်နိုင်ကြောင်း ရှင်းပြသည်။

ကချင်ပြည်နယ်အတွင်း တရားမဝင် ဝင်ထွက်သည့် လမ်းကြောင်း များသည့်အတွက် နိုင်ငံတော်အခွန်ရရှိမှု နစ်နာခြင်း၊ ပိတ်ပင်တားဆီးထားသည့် ပစ္စည်းများဝင်ရောက်လာပြီး ပြည်သူများစားသုံးခြင်းကြောင့် မလိုလားအပ်သည့် ကျန်းမာရေးပြဿနာများ ရင်ဆိုင်လာနိုင်သည့်အတွက် စားသုံးရန်မသင့်ကြောင်းနှင့် တစ်ဖက်နိုင်ငံက စီးပွားဖြစ်ရင်ပြီးရော ဆိုပြီး ထုတ်ထားသည့် အစားအစာများကို မစားသင့်ကြောင်း ဦးမောင်ဝင်းက ပြောသည်။

ယင်းပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာကျပ်ငွေ ၁၀ သိန်းကျော်ခန့်ရှိပြီး ထိုသိမ်းဆည်းရမိသည့် စားသုံးကုန်များကို အကောက်အခွန်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် (FDA) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ပူးပေါင်းကာ မြို့နယ်အကောက်ခွန်ဦးစီးဌာန ရုံးဝင်းအတွင်း မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွန်းမွန်းပန်